# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၇၉)


## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ဂိုလီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၀၇ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကျရောက်သော မွန်ဂိုလီးယားနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာနန်ဘာအမ့်ဘာယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း အိန္ဒိယတပ်မတော် Eastern Command (Kolkata) မှ General Officer Commanding-in-Chief, Lieutenant General, K.S Jamwal AVSM. VSM နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း အိန္ဒိယတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်၌ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် Eastern Command (Kolkata) မှ General Officer Commanding-in-Chief, Lieutenant General, K.S Jamwal AVSM. VSM ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

### လက်ခံတွေ့ဆုံ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ်ခင်အောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် Eastern Command (Kolkata)မှ General Officer Commanding-in-Chief, Lieutenant General, K.S Jamwal AVSM. VSM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Col. Manoj Mukund Naravane လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

## ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ငါးရက်အတွင်း ကျောက်စိမ်း ၁၀၂၂ တွဲ ရောင်းချရ

## တင်ဒါစနစ်ဖြင့် ဇူလိုင် ၁၁ ရက်အထိ ရောင်းချသွားမည်

ရန်ကုန် ဇူလိုင် ၁၀

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပလျက်ရှိသည့် ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်တွင်းပြည်ပရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### တင်ဒါစနစ်ရောင်းချ

၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် ရောင်းချပွဲ ပဉ္စမနေ့အဖြစ် ယနေ့နံနက် ၈ နာရီတွင် *စာမျက်နှာ ၁၃ ကော်လံ ၄* ❐

**နိုင်ငံတော်ဖွံ့ဖြိုးရေးဝါဒကို... နိုင်ငံတော်ဖွံ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၁ ရက်)

# အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်

ပညာရေးအဆင့်အတန်းသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ဖော်ညွှန်းလျက်ရှိသည်။ အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့်သာ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည် ဖြစ်သည်။

နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အရေးပါသည့်အလျောက် မြန်မာနိုင်ငံ ပညာရေးကော်မတီသည် ပညာရေးဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။

ဆရာ၊ဆရာမများ အရည်အသွေးပြည့်ဝရေးသည် ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများ၏ သင်ရိုးညွှန်းတမ်းအဆင့်တွင် ရှိနေရန်လည်း လိုအပ်သည်။

ထို့ကြောင့် ကျောင်းသူကျောင်းသားများ၏ စိတ်ဓာတ်ရေးရာ ကောင်းမွန်မြင့်မားရေး၊ ပညာကို လိုလားမြတ်နိုးတက်ကြွစွာ သင်ယူနိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးရမည်ဖြစ်ရာ ကျောင်းသူကျောင်းသားများ စည်းကမ်းကို လေးစားလိုက်နာတတ်ရေး လေ့ကျင့်ပေးရန်နှင့် ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းနှင့်တကွ နိုင်ငံ့စည်းကမ်းဖြစ်သော တရားဥပဒေကို လေးစားယုံကြည် လိုက်နာတတ်သော အလေ့အကျင့်ကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးရန်လည်း လိုအပ်သည်။

စာပေပညာသာမက တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ကျောင်းသူ ကျောင်းသား လူငယ်များ၏ နှလုံးအိမ်တွင် အမြစ်တွယ် ရှင်သန်ခိုင်မာစေရေး ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဆရာ၊ ဆရာမများသည် ရရှိဖြစ်ထွန်းနေသည့် ပညာရေးဆိုင်ရာ အခြေခံကောင်းများကို အကျိုးရှိထိရောက်စွာအသုံးပြုပြီး အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရေးအတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို ပေါင်းစည်းချိတ်ဆက် ကြိုးပမ်းဖော်ဆောင်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး) အတွက် မွန်ပြည်နယ် မုဒုံမြို့နေ ဦးရွှေရင်-ဒေါ်မွေးအုံ (ရေခဲတောင်အထည်ဆိုင်)မိသားစုက ကျောင်းအလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)ရှေ့မှောက်၌ လှူဒါန်းရာ အမှုဆောင်ဒေါ်လှတင်က လက်ခံယူစဉ်။ (က-ပ)

## ကျုံ့မငေးမြို့နယ်အသင်း ဝါဆိုသင်္ကန်း ဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၁၀**

ကျုံ့မငေးမြို့နယ်အသင်းမှ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင်၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီမှ ၁၁နာရီအထိ ကျုံ့မငေးအသင်း အမှတ် ၅၇ လှည်းတန်းလမ်း လမ်းမတော်မြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

**လှူဒါန်းမည်**

သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန် သရက်တောဓမ္မာရုံ စာသင်တိုက်၊ ကျုံ့မငေးမြို့ပေါ်နှင့် နယ်တို့ရှိ စာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းမည်ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

ဆက်သွယ်လှူဒါန်းလိုသူများသည် ကျုံ့မငေးအသင်း ဖုန်း-၂၂၇၅၅၁၊ ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)ဥက္ကဋ္ဌ ဖုန်း-၅၇၈၁၉၇၊ ဦးစိန်လှ အတွင်းရေးမှူး ဖုန်း-၃၈၉၃၅၅နှင့် ဦးခင်မောင်မြင့် ဖုန်း-၂၂၄၃၂၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု အရေအတွက်နှင့် အရည်အချင်းပါ မြှင့်တင် ရထားစက်ခေါင်းအသစ်များ အရည်အသွေးပြည့်မီရေး ကြိုးပမ်း

**ရန်ကုန် ဇူလိုင် ၁၀**

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယမန်နေ့ နံနက် ၈နာရီခွဲက မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အထွေထွေ မန်နေဂျာ(စက်ရုံ) ဦးစောဗယ်လင်တိုင်းက စက်ခေါင်းစက်ရုံ အင်းစိန်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း စီမံလျာထားချက်အပေါ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဒီဇယ်လျှပ်စစ် စက်ခေါင်းများ အကြီးတန်းပြုပြင်ခြင်း၊ အကြီးတန်းတစ်ဝက်ပြုပြင်ခြင်း၊ အလတ်တန်းပြုပြင်ခြင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းများ စွမ်းအားပြန်လည်မြှင့်တင်ခြင်းနှင့် China Engine ဖြင့် စွမ်းအားပြန်လည်မြှင့်တင်ခြင်း၊ ကိုယ်ပိုင်စက်ခေါင်းအသစ်တည်ဆောက်ခြင်း၊ ရေနွေးငွေ့စက်ခေါင်းများ အကြီးတန်းပြုပြင်ခြင်း၊ RBE Rail Bus အပေါ်စား စက်ခေါင်းများ ပြုပြင်ခြင်းလုပ်ငန်းများနှင့် စက်ခေါင်းတွဲနှင့် အခြားအရန်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းအခြေအနေများ၊ စက်ခေါင်းသစ် တည်ဆောက်ရေးအတွက် လုပ်ငန်းခွင်ဧရိယာ တိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို တင်ပြသည်။



**ကြိုးပမ်းဆောင်ရွက်**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက မြန်မာ့မီးရထားအနေဖြင့်လည်း မိမိတို့အပိုင်းကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်ပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုကို အရေအတွက်ရော အရည်အချင်းပါ မြှင့်တင်ပေးရမည်ဖြစ်၍ အင်းစိန်စက်ခေါင်း စက်ရုံအနေဖြင့် စက်ခေါင်းအရေအတွက်တိုးတက်ရေးအတွက် လက်ရှိစက်ခေါင်းများ မွမ်းမံပြင်ဆင်မှုအပိုင်းနှင့် စက်ခေါင်းအသစ် တည်ဆောက်ရေးအပိုင်းတို့ကို အရည်အသွေးပြည့်မီစွာ ကြိုးပမ်းဆောင်ရွက်ကြရေး၊ စီမံကိန်းလျာထားချက် ပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးတို့ကို မနားမနေကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒီဇယ်လျှပ်စစ်စက်ခေါင်းများ စွမ်းအားပြန်လည်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု လုပ်ငန်းခွင်သို့လည်းကောင်း၊ စက်ခေါင်းအသစ်တည်ဆောက်နေမှုနှင့် စက်ခေါင်း၊ တွဲနှင့်အရန်ပစ္စည်းထုတ်လုပ်နေမှုတို့ကို စက်ရုံအတွင်းသို့ လှည့်လည်ကြည့်ရှုပြီး ဝန်ကြီးကလိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြို့ပတ်ဒီဇယ်စက်ရုံသို့ သွားရောက်ပြီး RBE Rail Bus အပေါ်စား လူစီးရထားတွဲဆိုင်းများကိုကြည့်ရှုစစ်ဆေး၍ **(အပေါ်ပုံ)** တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၇-၂၀၀၇**
**(ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ | အမေအိုရဲ့ဓမ္မအောင်လံ တရားတော် (အပိုင်း-၂) (မဇ္ဈိမဂုဏ်ရည် ဆရာတော်အရှင်ကောဝိဒ) |
| ၈း၁၅ | **တစ်သက်စာ** ထွန်းထွန်း(Examplez)၊ သဇင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း) |
| ၈း၄၀ | တေးဂီတအစီအစဉ် |
| ၈း၄၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ | မတော်တဆ ထိခိုက်ဒဏ်ရာ ရရှိခဲ့လျှင် သတိပြုလိုက်နာရမည့် အချက်များ (အပိုင်း-၁) |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | Midweek Sports News |
| ၁၀း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၂၀ | အိမ်ထောင်စုလူဦးရေစာရင်းနှင့် ပတ်သက်၍ သိကောင်းစရာ |
| ၁၀း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ | ဆရာတော်ဦးပဏ္ဍိတ (ဒွိပိဋကဓရ) ထေရဝိဇာတ၊ မဟာဂန္ထဝါစက ပဏ္ဍိတ ဂုဏာဂီတိပူဇက မင်္ဂလာ အခမ်းအနား |
| ၁၀း၅၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၅၅ | ဆေးဖက်ဝင် ပိန္နဲပင်၏ အာဟာရတန်ဖိုးများအကြောင်း |
| ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | **မေ့ထားလို့တော့မဖြစ်ဘူး နေအောင်၊ ထွန်းထွန်းဝင်း၊ စောနိုင်(ရှမ်းပြည်)၊ ဥက္ကာမင်းမောင်၊ မြင့်မြင့်ခိုင်၊ သင်းသင်းယုလှိုင်၊ ဇွန်ပွင့် (ဒါရိုက်တာ- စင်ရော်မောင်မောင်)** |
| ၁၁း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၅၀ | အဏုဇီဝတွင်းထွက်ရတနာ |
| ၁၂း၀၀ | တေးဂီတအစီအစဉ် |
| ၁၂း၀၅ | International Video Topics (တရုတ်နိုင်ငံမှ ချင်မင်းဆက်၏ ထူးဆန်းသော ရုပ်တုကြီးများ) |
| ၁၂း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၄၀ | တေးဂီတအစီအစဉ် |
| ၁၂း၄၅ | သိမှတ်ဖွယ်ရာ တူးမြောင်းနည်းဥပဒေသများ |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ကချင်ပြည်နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး

## အလားအလာရှိသော သွေးသစ်အားကစားသမားများ ရှာဖွေဖော်ထုတ်

နေပြည်တော် ဇူလိုင် ၁၀

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် ဇူလိုင် ၈ရက်က မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးသို့ သွားရောက်ကြပြီး ကချင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြစ်ကြီးနား လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းနှင့် အတူ ပြည်နယ်နှင့် မြစ်ကြီးနား၊ ဗန်းမော်၊ ပူတာအို၊ မိုးညှင်းခရိုင်များနှင့် မြို့နယ်များမှ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ရှိ ဒုတိယ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိများနှင့် ဝန်ထမ်းများအား တွေ့ဆုံကြသည်။





**မှာကြား**

ရှေးဦးစွာ တိုင်းမှူးက ကချင်ပြည်နယ် အားကစား ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလားအလာရှိသော သွေးသစ်အားကစားသမားများ ရှာဖွေဖော်ထုတ်ပေးနိုင်ရေး တို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။ **(အပေါ်ပုံ)**

**အရည်အချင်းမြှင့်တင်**

ဆက်လက်၍ ဝန်ကြီးက နိုင်ငံတော်နှင့် အားကစားဝန်ကြီးဌာနတို့က ချမှတ်ပေးထားသည့် ရည်မှန်းချက်တာဝန်များဖြစ်သော သွေးသစ်ရွေးချယ် ဖော်ထုတ်ရေး၊ အားကစားကွင်း/ရုံများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး၊ ကျေးလက်အားကစားပွဲများနှင့် ဒေသအဆင့် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပသွားရေး၊ ပြည်နယ်၊ တိုင်း အားကစားပြိုင်ပွဲများတွင် အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ဝန်ထမ်းများ စည်းကမ်းကောင်းမွန်ရေးနှင့် အရည်အချင်း မြှင့်တင်နိုင်ရေးတို့ကို မှာကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးစိန်ထွန်းနှင့် ခရိုင်နှင့် မြို့နယ်များမှ တာဝန်ခံလက်ထောက် ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများက မိမိတို့ ခရိုင်၊ မြို့နယ်အလိုက် ရည်မှန်းချက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် လိုအပ်သည်များကို တင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး ဝန်ကြီးက ဝန်ထမ်းများအတွက် အဝတ်အထည်များကို ပေးအပ်လှူဒါန်း၍ တိုင်းမှူးနှင့်ဝန်ကြီးသည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ကြပြီး ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြစ်ကြီးနားခရိုင်နှင့် မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတို့မှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများအား တွေ့ဆုံကြရာ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းက စည်းရုံးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အသင်းဝင်အင်အား တိုးချဲ့စည်းရုံးရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ကျေးလက် မီးလင်းရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရေး မှာကြားပြီး အသင်းဝင်များ အတွက် အိတ်ဆောင်ကတ်များနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်း၍ တိုင်းမှူးနှင့်ဗဟို အလုပ်အမှုဆောင်တို့သည် တက်ရောက်လာသူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့် ပုလဲကွန်ဒိုနေ ဒေါက်တာ ဦးလှမောင် (၄)နှစ်ပြည့်အားရည်စူး၍ ဇနီး ဒေါ်မော်လီခင်သန်းနွယ်မိသားစုက ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ဇူလိုင် ၅ရက်က ဆူးလေစေတီတော် လုံးတော်ပြည့် ရွှေစင်ရွှေပြား ရွှေသက်န်းကပ်လှူရန်အတွက် အမှတ် ၁၆၉ သုံးထပ်(ဝဲ)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်ခင်ထွေးရီအားရည်စူး၍ ဦးညွန့်လှိုင်မိသားစုက ရွှေစင်ရွှေသား တစ်ကျပ်သား ကိုးလက်မပတ်လည်အတွက် ငွေကျပ် သုံးသိန်း ငါးသောင်းကို ဂေါပကအဖွဲ့ဝင်များဖြစ်ကြသည့် ဦးမျိုးခင်၊ ဦးကျော်လှနှင့် ဦးဟန် (သီတဂူ)တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

**ရန်ကုန် ဇူလိုင် ၁၀**

မကွေးတိုင်း ရေစကြိုမြို့နယ် ဆင်ချောင်းအုပ်စု ကုန်းတလင်းကျေးရွာ ရှိ သာသနာ့ရောင်ခြည်ဦး တိုက် ကျောင်းအတွင်း၌ တည်ထားကိုးကွယ်သော ရန်မျိုးအောင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အလှူမင်္ဂလာပူဇော်ပွဲ၌ ဇူလိုင် ၁၅ရက်ညတွင် ဘဒ္ဒန္တ ပညာသာရ (သာသနာ့ ဗောဓိရိပ်သာကျောင်း၊ မိတ္ထီလာမြို့)၊ ဇူလိုင် ၁၆ရက် ညတွင် ဘဒ္ဒန္တ ဇဝန (နယ်လှည့်ဓမ္မကထိက၊ အေးစေတီကျောင်းတိုက်)၊ အမှတ်၁၃ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဘုရားကလေး စံပြကျေးရွာ၊ ပဲခူး မြို့နယ်)၊ ဇူလိုင် ၁၇ရက်ညတွင် ဘဒ္ဒန္တ သုမန (ဓမ္မကထိက၊ ပရမတ္ထကာရီ ကျောင်း မူလ ဆီးပင်နီကျောင်းတိုက်၊ မန္တလေးမြို့)နှင့် ဇူလိုင် ၁၈ရက်နှင့် ၁၉ရက် ညတို့တွင် ဘဒ္ဒန္တ ကုမာရ (မဟာစည် နယ်လှည့် ဓမ္မကထိက၊ အောင်တော်မူ ဓမ္မရိပ်သာကျောင်း၊ ကျောက်ပန်းတောင်းမြို့)တို့က နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီ ရုပ်မြင်သံကြား

**၁၁-၇-၂၀၀၇**
**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၆။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅း၂၀ | ၇။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၃၀ | ၈။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၅၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၅ | ၁၂။ | လျှပ်တစ်ပြက် |
| ၆း၄၀ | ၁၃။ | လှုပ်လှုပ်ရှားရှားပုံရိပ်များ |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း-၁၉) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | English Usage |
| | ၁၉။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား (သား)ပေါင်ချိန်** (အပိုင်း-၆) |

## တပ်မတော်ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က)မှ ဗိုလ်လောင်းများ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ လေ့လာ

ရန်ကုန် ဇူလိုင် ၁၀

**တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) နောက်ဆုံးနှစ်အပိုင်း(က) ဗိုလ်လောင်းများသည် ကာကွယ်ရေးနှင့်လူမှုရေး ဆေးပညာဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၉ နာရီက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ လာရောက်လေ့လာကြသည်။**

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အသင်းဖွဲ့စည်းပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး အသင်းအတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အကြောင်းကို လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ ဒေါ်ခင်မြဝင်းကအသင်း၏ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်များက လေ့လာရေးအဖွဲ့ဝင် ဗိုလ်လောင်းများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားကြကာ ဗိုလ်လောင်းများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံရှိ လုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး အသင်းက ဖွင့်လှစ်ထားသည့် ရောဂါရှာဖွေရေးဆေးခန်း၊ မိခင်မှ သန္ဓေသားသို့ HIV ပိုးကူးစက်မှုမှ ကာကွယ်တားဆီးခြင်းစီမံချက်ဌာနနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနသို့ ဆက်လက်လေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၀၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့

## မိခင်ဘဝကျန်းမာမှု လက်တွဲဖော်ပြု အမျိုးသားထု

**Men as Partners in Maternal Health**

၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၁ ရက် **11th July 2007**

# ကျန်းမာသန့်စင်သွေးလှူရှင် လေးစားချစ်ခင်ကျေးဇူးတင်

စေတနာသွေးလှူရှင်များအား အသိအမှတ်ပြု လေးစားသောအားဖြင့် သွေးလှူရှင်များ၏ အရေးပါသော အခန်းကဏ္ဍကို ပိုမိုပေါ်လွင်စေမည့် အစီအစဉ်များကို ကျင်းပနိုင်ရန် ၂၀၀၄ ခုနှစ် ဇွန်လ ၁၄ ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်စီစဉ်ခဲ့သည်။

၎င်းမှ ထွက်ပေါ်လာသော အကျိုးရလဒ်များကြောင့် ၂၀၀၅ ခုနှစ်တွင် ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ (၅၈)ကြိမ်မြောက် ညီလာခံမှ နှစ်စဉ် ဇွန်လ ၁၄ ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် သတ်မှတ်၍ စေတနာသွေးလှူရှင် စုဆောင်းမှု တိုးတက်လာရေးကို ရှေးရှုသည့် လှုပ်ရှားမှုများ ဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများက အဆိုပြု ထောက်ခံခဲ့ကြပါသည်။ အဖွဲ့ဝင်နိုင်ငံများတွင် ပြုလုပ်နေဆဲဖြစ်သော စေတနာသွေးလှူရှင် စည်းရုံးစုဆောင်းမှု လုပ်ငန်းများ၏ တစ်စိတ်တစ်ဒေသအဖြစ် ပိုမိုအင်အားဖြည့် ဆောင်ရွက်ကြရန် အဖွဲ့ဝင် ၁၉၂နိုင်ငံစလုံးက ထောက်ခံအတည်ပြုခဲ့ပါသည်။

**စေတနာသွေးလှူရှင်များသည် သွေးလိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော သန့်စင်သည့် သွေးနှင့်သွေးပစ္စည်းများကို ထောက်ပံ့နေသူများ ဖြစ်**ပေသည်။ ၎င်းတို့ **ထောက်ပံ့လှူဒါန်းလိုက်သော သန့်စင်သည့်သွေးမှ ဖြစ်ပေါ်လာသည့် ရလဒ်များသည် လူသားအချင်းချင်းပေးနိုင်သော လက်ဆောင်များအနက် မည်သို့မျှ တန်ဖိုးဖြတ်၍ မရနိုင်သော လက်ဆောင်ဖြစ်ပေသည်။** ငွေကြေးဖြင့် တန်ဖိုးဖြတ် ဝယ်ယူ၍ရသော ကုန်ပစ္စည်းလည်း မဟုတ်ပေ။ ထို့ကြောင့် စေတနာ သွေးလှူရှင်များသည် လူ့ပတ်ဝန်းကျင်၏ တိုးတက်သာယာမှုကို ကူညီထောက်ပံ့နေသူများ ဖြစ်ပေသည်။

၎င်းတို့၏ အရေးပါသော အခန်းကဏ္ဍကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အောက်ပါအတိုင်း သုံးသပ်တင်ပြခဲ့ပါသည်-

- **သွေးလိုအပ်မှုသည် ကမ္ဘာတစ်ဝန်းလုံး၏ တူညီသော လိုအပ်ချက်ဖြစ်သော်လည်း သွေးလုံလောက်စွာ ရရှိနိုင်မှုမှာမူ ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် ဝမ်းနည်းဖွယ်ကောင်းလောက်အောင် ညီမျှမှု မရှိခဲ့ပေ။**
- **ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန်နှင့် သားသမီးမွေးဖွားချိန်တွင် သေဆုံးမှုမှာ နှစ်စဉ် ငါးသိန်းခန့်ရှိပြီး ၎င်းတို့၏ ၉၉ ရာခိုင်နှုန်းမှာ လိုအပ်သောသွေး အချိန်မီမရနိုင်မှုကြောင့် ဖြစ်ပေသည်။**
- **အထူးသဖြင့် အာဖရိကတိုင်းပြည်များတွင် သွေးသွင်းကုသမှု၏ ၇၀ ရာခိုင်နှုန်းမှာ ကလေးများ၌ ဖြစ်ပွားနေသော သွေးအားနည်းရောဂါ၊ ငှက်ဖျားရောဂါများ ကုသမှုတို့အတွက် အသုံးပြုနေရပြီး ၎င်းရောဂါများမှာ အသက် ငါးနှစ်အောက် ကလေးများသေဆုံးမှု၏ အဓိကအကြောင်းရင်းများ ဖြစ်ပေသည်။**

ထို့ကြောင့် ကလေးငယ်များသေဆုံးမှုကျဆင်းစေရန်၊ မိခင်တို့အတွက် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း တိုးတက်လာစေရန်၊ သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများ ကာကွယ်နိုင်ရန်စသည့် အရေးကြီးသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် စေတနာသွေးလှူရှင်များက လှူဒါန်းသော သန့်စင်သည့်သွေး လုံလောက်စွာ ရရှိရန် လိုအပ်ပေသည်။ သွေးသွင်းကုသမှုဖြင့် အသက်ကယ်ရန် လိုအပ်မှုကို အချိန်မီ ထောက်ပံ့နိုင်ရန် လိုအပ်သကဲ့သို့ ကုသမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ရောဂါပိုးကူးစက်ခြင်းဟူသော နောက်ဆက်တွဲ ဆိုးကျိုးများ မဖြစ်ပေါ်စေရန်လည်း အထူးသတိပြုရပေမည်။ လှူဒါန်းပြီးသွေးကို စမ်းသပ်မှုများမှ ရောဂါပိုးရှိကြောင်း တွေ့ရှိခြင်းသည် ၎င်းသွေးကို အသုံးမပြုဘဲ စွန့်ပစ်လိုက်နိုင်သောကြောင့် ကုန်ကျမှုစရိတ်များ ပိုမိုကြီးလေးစေသော်လည်း လူနာအတွက် ဆိုးကျိုးမရှိနိုင်ပေ။ ကမ္ဘာတစ်ဝန်းလုံးတွင်-

- **လူပေါင်း လေးသန်းခန့်သည် စိတ်ချမှုမရှိသော သွေးသွင်းကုသမှုကြောင့် HIV ရောဂါပိုးများ ကူးစက်ခဲ့ရသည်။**
- **အသည်းရောင် အသားဝါ B နှင့် C ပိုး၊ ကာလသားရောဂါပိုးများကို လှူဒါန်းထားသော သွေးများတွင် စမ်းသပ်တွေ့ရှိမှုများမှာ မျှော်လင့်သည်ထက် ပိုမိုများပြားနေကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် တောင်ပိုင်းနှင့်အလယ်ပိုင်း အမေရိကဒေသများတွင် Chaga's Disease များကို လှူဒါန်းလိုက်သည့် သွေးများတွင် စစ်ဆေးတွေ့ရှိမှုမှာ အဓိကပြဿနာဖြစ်နေကြောင်း တွေ့ရပေသည်။**
- **၎င်းသွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများ၊ အထူးသဖြင့် HIV၊ အသည်းရောင် အသားဝါ Bနှင့် C ပိုးများသည် ပိုးဝင်ရောက်သည့် အချိန်မှ စမ်းသပ်တွေ့ရှိနိုင်မည့် အချိန်အတွင်းဖြစ်သော ကြားကာလတွင် ဓာတ်ခွဲစမ်းသပ်မှုများ မည်မျှပင် တိုးတက်ပါသော်လည်း ရောဂါပိုး ရှာဖွေတွေ့ရှိနိုင်မည်မဟုတ်ပေ။**


**ဒေါက်တာ သီတာအောင်**

**( ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန )**


- **ထို့ကြောင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများသည် နောက်ဆက်တွဲ ဆိုးကျိုးမရှိနိုင်သော သွေးသွင်းကုသမှုကို ရာနှုန်းပြည့် အာမမခံနိုင်ပေ။**
- **ကမ္ဘာတစ်ဝန်းလုံးတွင် တွေ့ကြုံနေရသော သွေးသွင်းကုသမှုကြောင့် ပူပန်နေရသော နောက်ဆက်တွဲဆိုးကျိုးများကို ဖြေရှင်းပေးနိုင်သူများမှာ ၎င်းရောဂါပိုးများ ကူးစက်နိုင်မှုမရှိသော လူနေမှုစရိုက်ကို ကျင့်သုံးနေသည့် စေတနာသွေးလှူရှင်များသာ ဖြစ်ပေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်နုတ်တင်ပြခဲ့ပါသည်။**

ထို့ကြောင့် သွေးသွင်းကုသရန်လိုအပ်သောလူနာများအား နောက်ဆက်တွဲ ဆိုးကျိုးမရှိဘဲ ကူညီနိုင်ရန် လိုအပ်သောသွေးကို အချိန်မီ လုံလောက်စွာ ရရှိနိုင်ရန် လိုအပ်သကဲ့သို့ ၎င်းသွေးများကို စိတ်ချရသော သွေးလှူရှင်က လှူဒါန်းရန်လည်း အရေးကြီးပေသည်။ ဤကဲ့သို့ အရေးပါလှသော စေတနာသွေးလှူရှင်များ၏ အခန်းကဏ္ဍကို ပိုမိုပေါ်လွင်စေရန် ရည်ရွယ်၍ ကမ္ဘာ့သွေးလှူရှင်များနေ့ကို သတ်မှတ်ကျင်းပရန် သဘောတူခဲ့ကြခြင်း ဖြစ်ပေသည်။

ယခုအခါ မိမိတို့နိုင်ငံတွင် စေတနာသွေးလှူရှင် စုဆောင်းမှု လုပ်ငန်းများ၌ သက်ဆိုင်ရာ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများအား လူမှုရေး စိတ်ဓာတ်ရှိသည့် ပြည်သူများက ငွေအား၊လူအားဖြင့် ဝိုင်းဝန်း၍ ထောက်ပံ့နေမှုမှာ နှစ်စဉ် ပိုမိုတိုးတက်လာကြောင်း တွေ့ရှိရပေသည်။

**ကျန်းမာရေးဌာနမှလည်း သွေးသွင်းကုသမှုမှ လူနာအတွက် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲဆိုးကျိုးများအား ကာကွယ်ရန်နှင့် သွေးလှူရှင်အတွက်လည်း အန္တရာယ်ကင်းစေရန် သွေးလှူရှင် စိစစ်ရွေးချယ် စမ်းသပ်မှုများကို ဆောင်ရွက်ပေးနေပြီး ဖြစ်ပါသည်။**

ထို့ကြောင့် သွေးလှူရှင်များအတွက် လုံလောက်သော သွေးနီအားပြည့်ဝမှ သွေးလှူဒါန်းမှုကို လက်ခံဆောင်ရွက်ပေးသောကြောင့် သွေးလှူရှင်များ တိုးပွားလာမှုမှာ ကျေနပ်ဖွယ်ကောင်းအောင် တိုးတက်လာပါသည်။ သို့ရာတွင် ၎င်းတို့မှ ရာခိုင်နှုန်း ၂၀ ခန့်ကို သွေးလှူရှင်အား ကာကွယ်သည့်အနေဖြင့် လက်ခံနိုင်မှု မရှိသေးပါ။ သွေးလုံလောက်စွာ ထောက်ပံ့နိုင်မှု မရှိသေးခြင်းဖြစ်ပါသည်။ သို့သော် ၎င်းသွေးလှူဒါန်းရန် သွေးနီအား မပြည့်သေးသော သွေးလှူရှင်များသည် တာဝန်ရှိသူများ၏ အကြံပေး ထောက်ပံ့မှုအတိုင်း နေထိုင်သွားပါက နောက်နှစ်တွင် ကျန်းမာ၍ အရည်အသွေးပြည့်မီသော သွေးလှူရှင်များ ဖြစ်လာမည်မှာ မလွဲပေ။ ထိုအချိန်တွင် သွေးလှူရှင်နှင့် လူနာနှစ်ဦးလုံးအတွက် ဆိုးကျိုးကင်းသည့် သွေးလှူဒါန်းမှုနှင့် သွေးသွင်းကုသမှုကို ပြုနိုင်မည်ဖြစ်ပေသည်။

သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများ၊ အထူးသဖြင့် HIV ရောဂါပိုးစစ်ဆေးမှုများ အရည်အသွေး ပြည့်မီစေရန် ထိန်းချုပ်သည့် အစီအစဉ်များကို အမျိုးသားဓာတ်ခွဲဌာနမှ ၂၀၀၆ ခုနှစ်မှစတင်၍ တာဝန်ယူဆောင်ရွက်နေပြီဖြစ်ပါသည်။ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် သွေးလှူရှင်များကို စစ်ဆေးသည့် အမျိုးသားဓာတ်ခွဲဌာန၊ ရန်ကုန်အမျိုးသားသွေးဌာန၊ မန္တလေးပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနတို့၌ နိုင်ငံတကာ အရည်အသွေး ထိန်းစနစ်များကို ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၀၂ ခုနှစ်မှစ၍ ထိုကဲ့သို့ အရည်အသွေးမီသည့် စမ်းသပ်စစ်ဆေးမှုများဖြင့် စစ်ဆေးနိုင်သော နည်းစနစ်များကို အသုံးပြုနိုင်သော်လည်း ၎င်းအကျိုးကျေးဇူးများကို လူနာများ ရရှိခံစားနိုင်ရန်မှာ လုံလောက်သော စေတနာသွေးလှူရှင် ရှိနိုင်မှုအပေါ် လုံးဝမူတည်နေပါသည်။ လိုအပ်မှ သွားရောက်ခေါ်ယူ၍ လှူဒါန်းသော သွေးများအတွက် လူနာရှင်များ စိတ်ပင်ပန်း၊ ငွေကုန်ကြေးကျများသည့်အပြင် အရည်အသွေး ပြည့်မီသော စစ်ဆေးမှုများကိုလည်း အသုံးပြုခွင့်ရနိုင်မည် မဟုတ်ပေ။

**ယခုအခါ ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီး ၁၅ ရုံမှ နှစ်စဉ်လိုအပ်သော သွေးယူနစ် ၃၅၀၀၀ ခန့်ကို လေးလတစ်ကြိမ် မှန်မှန်လှူဒါန်းနေသော သွေးလှူရှင် ၂၅၀၀ ခန့်နှင့် တစ်နှစ်လျှင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ခန့် လှူဒါန်းနေသော သွေးလှူရှင် ၁၅၀၀ ခန့်က ထောက်ပံ့နေပါသည်။**

**သို့သော် ယခုနှစ်ပိုင်းအတွင်း စတင်လှူဒါန်းသော စေတနာ သွေးလှူရှင်အသစ်များ ပိုမိုများပြားလာ၍ သွေးလိုအပ်မှု၏ ၆၅ ရာခိုင်နှုန်းခန့်ကို ရန်ကုန်အမျိုးသားသွေးဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။**

သွေးဥမွှားလိုအပ်သော လူနာများအတွက် နေ့စဉ်လိုအပ်သော သွေးလှူရှင် ရှာဖွေနေရမှုကို ပြည့်ဝအောင် ဆောင်ရွက်ပေးနိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းသွေးဥမွှားလိုအပ်သော (သွေးရောဂါဝေဒနာရှင်များ၊ သွေးကင်ဆာဝေဒနာရှင်များ၊ ကင်ဆာဝေဒနာရှင်များ) အခြေအနေများတွင် ယခင်လှူဒါန်းဖူးသည့် သန့်စင်သည့် သွေးလှူရှင်များကို ပြန်လည်ခေါ်ယူခြင်းဖြင့် ထောက်ပံ့ကူညီနိုင်ပါသောကြောင့် အချိန်မှန်မှန်လှူဒါန်းနိုင်သော သွေးလှူရှင်များ ပိုမိုတိုးပွားလာပါက တာဝန်ရှိသူများအနေဖြင့် လူနာများအတွက် ကူညီရန် အဆင်ပြေလာမည် ဖြစ်ပေသည်။

ထို့ကြောင့် သန့်စင်ပြီး သွေးလှူရှင်များကို တိကျသေချာစွာ မှတ်ပုံတင်ထားနိုင်မှုကို ကျန်းမာရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်စေခဲ့ရာ ယခုအခါ အမျိုးသားသွေးဌာန ရန်ကုန် (၂၀၀၄ ခုနှစ်မှစ၍)၊ မန္တလေး သွေးလှူဘဏ်၊ ပုသိမ်ပြည်သူ့ဆေးရုံ သွေးလှူဘဏ်၊ မြစ်ကြီးနား ပြည်သူ့ဆေးရုံ သွေးလှူဘဏ်တို့တွင် (၂၀၀၆ ခုနှစ်နောက်ပိုင်းမှစ၍) အကျိုးရှိစွာ ဆောင်ရွက်နေပြီဖြစ်ပါသည်။ နောင်နှစ်များတွင်လည်း သွေးလှူရှင်ရွေးချယ်မှုနှင့် စနစ်ကျစွာ မှတ်ပုံတင်မှုတို့အတွက် တိုင်းနှင့် ပြည်နယ်များအားလုံးအထိ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်နေပြီဖြစ်ပါသည်။

**အဓိကရည်ရွယ်ချက်မှာ သွေးလိုအပ်သော လူနာများအတွက် လိုအပ်ချိန်တွင် သန့်စင်ပြီး သွေးလှူရှင်များကို ပြန်လည်ခေါ်ယူပေးနိုင်ရန် ပထမအဆင့်အဖြစ် အချက်အလက် စုဆောင်းခြင်းဖြစ်ပေသည်။ လုံလောက်သော အချက်အလက်များ ရရှိလာပါက လူမှုရေးအသင်းအဖွဲ့များ၏ အကူအညီဖြင့် သွေးလှူရှင် ပြန်လည်ခေါ်ယူ၍ လူနာများအတွက် စိတ်ပူပင်မှုကင်းစွာ အန္တရာယ်ကင်းသောသွေးကို အချိန်မီ ရရှိနိုင်စေရန် ရည်ရွယ်ပေသည်။ ဤကဲ့သို့စီစဉ်မှုများကြောင့် လူနာများ အမှန်တကယ် အကျိုးခံစားခွင့်ရစေရန်မှာ အချိန်မှန်မှန် ပြန်လည်လှူဒါန်းနေသော စေတနာသွေးလှူရှင်များ လုံလောက်စွာရရှိနိုင်မှုပေါ် မူတည်နေပေသည်။**

သို့ဖြစ်ရာ တန်ဖိုးမဖြတ်နိုင်သည့် အသက်သခင် ကျေးဇူးရှင်များဖြစ်သော သွေးလှူရှင်များသည် မိမိတို့၏ ကျန်းမာရေးကို ဂရုပြုစောင့်ရှောက်၍ လူနာများအသက်ကို ဆက်လက်ကယ်တင်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

**စေတနာသွေးလှူရှင်များသည် သွေးလိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော သန့်စင်သည့် သွေးနှင့်သွေးပစ္စည်းများကို ထောက်ပံ့နေသူများဖြစ်။**

---

**ထောက်ပံ့လှူဒါန်းလိုက်သော သန့်စင်သည့် သွေးမှ ဖြစ်ပေါ်လာသည့်ရလဒ်များသည် လူသားအချင်းချင်းပေးနိုင်သော လက်ဆောင်များအနက် မည်သို့မျှ တန်ဖိုးဖြတ်၍မရနိုင်သော လက်ဆောင်ဖြစ်ပေသည်။**



# မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ်ရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

ရန်ကုန် ဇူလိုင် ၁၀

**ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာ ဝန်ကြီးများ ဖြစ်ကြသော ပါမောက္ခ ဒေါက်တာ ကံညွန့်နှင့် ပါမောက္ခ ဒေါက်တာတင်ဝင်းတို့ ဦးဆောင်သည့် မျက်စိအထူးကုအဖွဲ့သည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်လိုက်ပါ၍ ဇူလိုင် ၅ ရက်မှ ၉ ရက်အထိ မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်ပြည်သူများအား အခမဲ့ခွဲစိတ်ကုသမှုလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။**

## ကုသပေး

အဆိုပါ မျက်စိအထူးကုအဖွဲ့သည် တောင်သာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၈၃အုပ်စုရှိ ကျေးရွာပေါင်း ၂၄၃ ရွာမှ မျက်စိဝေဒနာရှင်များ၊ မန္တလေးတိုင်းအတွင်းရှိ မြို့နယ်၊ ကျေးရွာများ၊ မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံ၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်းနှင့် ငါန်းဇွန်၊ မကွေးတိုင်း အတွင်းရှိ ချောက်၊ ပေါက်နှင့် ရေစကြိုမြို့တို့မှ မျက်စိဝေဒနာရှင် စုစုပေါင်း ၇၈၂၄ ဦးတို့အား ကြည့်ရှုစစ်ဆေးကုသပေးပြီး အတွင်းတိမ် ခွဲစိတ်သူ လူနာပေါင်း ၄၀၆ဦး၊ မျက်မှန်ပါဝါလိုအပ်သူ ၄၀၃၄ ဦးတို့အား အခမဲ့စမ်းသပ်ခွဲစိတ် ကုသပေးခဲ့ကြသည်။

## တက်ရောက်

အဆိုပါ မျက်စိအထူးကုအဖွဲ့၏ ကုသမှုအောင်မြင်စွာပြီးစီးခြင်း အခမ်းအနားကို ဇူလိုင်၇ရက် နံနက်၈နာရီတွင် တောင်သာမြို့ မင်းစုအခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက မန္တလေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့်အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာရှင်မြို့မိမြို့ဖများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက မန္တလေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားသည်။

## ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ဤခရီးစဉ် ဖြစ်ပေါ်လာရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဇော်လွင်က ကျေးဇူးတင်စကားပြောကြားသည်။

## ပေးအပ်လှူဒါန်း

ယင်းနောက် တာဝန်ရှိသူများနှင့် အလှူရှင်များက မျက်စိခွဲစိတ်ပြီး လူနာများအား နေကာမျက်မှန်၊ ဆေးဝါးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ပါဝင်

အဆိုပါ မျက်စိအထူးကုအဖွဲ့တွင် ဒေါက်တာမိုးကျော်၊ ဒေါက်တာအေးကို၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာ လှကေသီ၊ ဒေါက်တာကေသီမြင့်၊ ဒေါက်တာညိုညိုမင်း၊ ဒေါက်တာ စိုးမင်းအောင်၊ ဒေါက်တာ စောသွင်မွန်သိန်း၊ ဒေါက်တာ အောင်မိုးထွန်း၊ ဒေါက်တာ သိန်းထွဋ်၊ ဒေါက်တာ အေးမြဦး၊ ဒေါက်တာ ချောဝေလွင်၊ ဒေါက်တာ မိုးအေးလတ်၊ ဒေါက်တာ နှင်းယုချစ်ဆိုင်နှင့် သူနာပြုဆရာမများ ဖြစ်ကြသော ဒေါ်စောဥမ္မာတင်၊ ဒေါ်နော်လွဲကပေါ၊ ဒေါ်နော်လှကြည်၊ ဒေါ်သက်မြင့်ဝေ၊ ဒေါ်စုစုလှိုင်၊ မျက်မှန်ကျွမ်းကျင်သူ ဦးစုအေးနှင့် ဦးစိုးလှိုင်တို့ ပါဝင်ကြသည်။

## ပံ့ပိုးကူညီ

ယင်းခရီးစဉ်အတွက် လိုအပ်သော မျက်စိ ခွဲစိတ်ကုသမှုဆိုင်ရာ ဆေးဝါး ပစ္စည်းများနှင့် အခြား ကုန်ကျစရိတ်များကို လည်းကောင်း၊ တောင်သာ မြို့နယ် ပြည်သူ့ဆေးရုံ အတွက် ငွေကျပ်သိန်း ၁၄၀တန်ဖိုးရှိ အဆောက်အအုံ၊ ရေလှောင်ကန် အပါအဝင် ရေသန့်စက်နှင့် ခွဲစိတ်ခန်း အတွက် လေအေးပေးစက် နှစ်လုံး၊ ပန်ကာခြောက်လုံးတို့ကိုလည်းကောင်း Mother Trading Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ အလှူရှင် ဦးအောင်မြတ်က ပံ့ပိုးကူညီခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း မျက်စိခွဲစိတ်ပြီး ဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင်လှူဒါန်းပေးစဉ်။** (သတင်းစဉ်)



**တောင်သာမြို့နယ်မှ မျက်စိဝေဒနာရှင်များအား ရန်ကုန်မြို့မှ ဆရာဝန်ကြီးများ မျက်စိအခမဲ့စမ်းသပ်ကုသပေးကြစဉ်။** (သတင်းစဉ်)



# ထီးဆောင်းကျေးရွာမှ သွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာမှ (၉၃)ကြိမ်မြောက် သွေးလှူရှင် လူမှုထူးချွန်ပထမဆင့် ရွှေထီးဆောင်းဆရာတော် အရှင်အာရိစ္စာလင်္ကာရ ဦးဆောင်၍ ထီးဆောင်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် စေတနာသွေးလှူရှင်အသင်းမှ သွေးလှူရှင် ၅၂ဦးတို့သည် ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ခုတင်၃၀၀အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

## ပံ့ပိုးကူညီ

အဆိုပါသွေးလှူဒါန်းရာသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စစ်ကိုင်းတိုင်းတာဝန်ခံ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး **(အပေါ်ပုံ)** ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းနှင့် ဆရာဝန်များ၊ သူနာပြုများက လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က သွေးလှူရှင်များ အင်အားဖြည့် စားသုံးရန် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

အဆိုပါသွေးလှူဒါန်းသူများတွင် (၉၃)ကြိမ်မြောက် သွေးလှူဒါန်းသူတစ်ဦး၊ အကြိမ်(၅၀)နှင့် အထက်သုံးဦး၊ အကြိမ်(၄၀)နှင့်အထက် ခြောက်ဦးတို့ပါဝင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# Snow Brand Freezer ဈေးကွက်မိတ်ဆက်

ရန်ကုန် ဇူလိုင် ၁၀

**HERO အီလက်ထရွန်နစ် အရောင်းခန်းမဖွင့်ပွဲနှင့် Snow Brand Freezer ဈေးကွက်မိတ်ဆက်ပွဲ အခမ်းအနားကို ဇူလိုင် ၈ရက် ညနေ ၆နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် Grand Ball Room မင်္ဂလာခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် HERO International Enterprise Ltd. Director ဒေါက်တာဒေါ်ဖြူဖြူခင် **(အောက်ပုံ)** က မိတ်ဆက်စကား ပြောကြားသည်။ Snow Brand Freezerကို ဒိန်းမတ်နည်းပညာဖြင့် အရည်အသွေး ပြည့်ဝစွာ စင်ကာပူနိုင်ငံမှ ထုတ်လုပ်ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် တစ်နှစ်လျှင် Snow Brand Freezer အလုံးရေ ရှစ်သိန်းကျော် ဖြန့်ချိရောင်းချနေကြောင်း သိရသည်။

## ထိန်းသိမ်းထား

Snow Brand Freezer ကို နေ့စဉ် ရှစ်နာရီ မီးဖွင့်ထားရုံဖြင့် သားငါးများ သုံးရက်အထိ မပုပ်သိုးအောင် သိမ်းဆည်းထားနိုင်သကဲ့သို့ စီးပွားရေးသုံး ရေခဲထုပ်များကိုလည်း အခဲမပျက် မူလအရည်အသွေးပုံစံအတိုင်း သုံးရက်အထိ ထိန်းသိမ်းထားနိုင်သည်။

## တီထွင်ထုတ်လုပ်

ထို့အပြင် နေ့စဉ်အချိန်ပြည့် မီးဖွင့်ထားပါက သိမ်းဆည်းထားသော သားငါးများ၊ စားသောက်ဖွယ်ရာများသည် အနံ့အရသာလုံးဝမပျက်ဘဲ လနှင့်ချီ၍ သိုလှောင်ထားနိုင်ခြင်း၊ အအေးပေးစနစ်အနေဖြင့်အပူပိုင်းဇုန်အတွက် အထူးထုတ်လုပ်ထားသော အဆင့်မြင့် ကွန်ပရက်ဆာကို အသုံးပြုထားသဖြင့် အေးခဲမှုအကောင်းဆုံးကို ရနိုင်ခြင်း၊ အတွင်းနံရံကို အစားအဆိပ်မသင့်ရန်နှင့် အနံ့ဆိုးများပပျောက်စေရန် အထူးစီမံထားခြင်း၊ ကိုယ်ထည်ကို စတီးလ်ဖြင့် ပြုလုပ်ထားသဖြင့် သံချေးမတက်ခြင်း စသည့် အရည်အသွေးများဖြင့် ပြည့်စုံအောင် တီထွင်ထုတ်လုပ်ထားသည်။

## အခမဲ့ဝန်ဆောင်မှုပေး

အိမ်သုံး၊ စားသောက်ဆိုင်၊ ဟိုတယ်သုံးနှင့် အအေးဆိုင်သုံး ဆိုက်မျိုးစုံကို ဝယ်ယူသည့်နေ့မှစ၍ နှစ်နှစ်အတွင်း ချွတ်ယွင်းပျက်စီးပါက ပစ္စည်းဖိုးနှင့် လက်ခလုံးဝမယူဘဲ အခမဲ့ဝန်ဆောင်မှုပေးသွားမည် ဖြစ်သည်။

## ဖြန့်ချိရောင်းချ

Snow Brand Freezer ပြခန်းနှင့် အရောင်းခန်းမကို Hero Electronic အမှတ်(၁၈၆/၁၈၈) မြေညီထပ် Shine Tower ပန်းဆိုးတန်းအလယ်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၃၉၁၅၇၅၊၃၈၈၄၃၈၊၃၈၃၉၇၀တို့တွင်ဖွင့်လှစ်ထားသည့်အပြင် Hero Electronic ပြခန်းနှင့် အရောင်းခန်းမတွင် တီဗွီ၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အဝတ်လျှော်စက် စသည့်အီလက်ထရွန်နစ်ပစ္စည်းများကို အရွယ်စုံ၊ ဆိုက်စုံ၊ပစ္စည်းစုံရရှိနိုင်ပြီး ထုတ်လုပ်သည့် နိုင်ငံနှင့် ပစ္စည်းအရည်အသွေးကို လုံးဝ အာမခံဖြင့် ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**





## သဲအင်းဂူ ဝါတွင်းတရားပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၀**

ဇလွန်မြို့ ပြည်တော်ပြန် မြတ်စွာဘုရားကြီးအနီး မစိုးရိမ်ကျောင်းတိုက် သဲအင်းဂူရိပ်သာ အမှတ်စဉ်(၂၅)တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဇူလိုင် ၂၄ မှ ၃၀ ရက်ထိ ခုနစ်ရက်တိုင် တရားစခန်းဖွင့်လှစ်မည်ဖြစ်သည့်အပြင် ဒုတိယဝါဆိုလပြည့်နေ့တွင် ဝါဆိုသင်္ကန်းစုပေါင်းကပ်လှူမည်။ စခန်းပွဲတွင်(မူလ) သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာန နာယက ဘဒ္ဒန္တနန္ဒဝံသ (ဓမ္မာစရိယ) မစိုးရိမ်ကျောင်း ဆရာတော်နှင့် ဆရာဦးမောင်ကြည် (ပန်းတနော်)က ထေရ်ဂရဝါဒနှင့်အညီ သဲအင်းဂူ ခန္ဓာကိုယ်တွေ့ ဝိပဿနာတရားတော်မြတ်ကို ဟောကြားပြသမည်ဖြစ်သည်။ အဓိဋ္ဌာန်ဝင် ယောဂီများ ဒုတိယဝါဆိုလဆန်း ၉ ရက် ညနေ ၅ နာရီတွင် ဗုဒ္ဓသာသနာပြု သဲအင်းဂူ ဥပဋ္ဌာကအဖွဲ့ မစိုးရိမ်ကျောင်းသို့ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။အချိန်ပိုင်းလည်း အားထုတ်ခွင့်ရှိသည့်ပြင် အာရုဏ်၊ နေ့ဆွမ်း၊ အဖျော်ယမကာများလည်း လှူဒါန်းနိုင်သည်။ ဆောက်လုပ်ဆဲ တရားရိပ်သာကြီးအား လှူဒါန်းလိုသူများ ရိပ်သာအကျိုးဆောင် ဥပဋ္ဌာကအဖွဲ့ ဖုန်း-၀၄၆-၃၀၀၄၅ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ သစ်တော၊ ဆက်သွယ်ရေးနှင့် စီးပွား/ ကူးသန်းတို့အနိုင်ရ

**နေပြည်တော် ဇူလိုင် ၁၀**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၇ခုနှစ် ပထမအကြိမ်နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် ပျဉ်းမနားမြို့ အားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး Mr. Dietrich Andreas၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တို့မှ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။



**ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း နံနက် ၇း၃၀ နာရီပွဲ (ခ)အုပ်စု**

သစ်တောရေးရာဝန်ကြီးဌာန - ရှစ်ဂိုး
သိပ္ပံနှင့်နည်းပညာ
ဝန်ကြီးဌာန -တစ်ဂိုး

**နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲတွင် (ဂ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။** (သတင်းစဉ်)

**ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း ညနေ ၄ နာရီပွဲ (ဂ)အုပ်စု**

ဆက်သွယ်ရေး၊ စာတိုက်နှင့်
ကြေးနန်းဝန်ကြီးဌာန - ငါး ဂိုး
သတ္တုတွင်းဝန်ကြီးဌာန - တစ်ဂိုး

**လယ်ဝေးမြို့နယ်အားကစားကွင်း ညနေ ၄ နာရီပွဲ (ဂ)အုပ်စု**

စီးပွားရေးနှင့်ကူးသန်း
ရောင်းဝယ်ရေးဝန်ကြီးဌာန - ၁၇ဂိုး
ဝန်ထမ်းရွေးချယ်
လေ့ကျင့်ရေးအဖွဲ့ - ဂိုးမရှိ

ဇူလိုင် ၁၁ ရက် နံနက် ၇ နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ (ဃ)အုပ်စုမှ နိုင်ငံခြားရေးဝန်ကြီးဌာန အသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်းတို့သည်လည်းကောင်း၊ ညနေ ၄ နာရီတွင် (ဃ)အုပ်စုမှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် လယ်ဝေးမြို့နယ် အားကစားကွင်း၌(င)အုပ်စုပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(က-ပ)**

## အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဒုတိယအကြိုဗိုလ်လုပွဲ စွမ်းအင် အနိုင်ရပြီး စီးပွား / ကူးသန်းနှင့် ဗိုလ်လုရမည်

**သတင်းမြင်ကွင်း - ကိုထွေး၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)**

ရန်ကုန် ဇူလိုင် ၁၀

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း (မြန်မာလိဂ်) ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားရာ စွမ်းအင်အသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။**



**စွမ်းအင်အသင်း နည်းပြ ဦးမျိုးဝင်း။**



**စွမ်းအင်အသင်း အုပ်ချုပ်သူ ဦးမြတ်စိုး။**

### ဦးဆောင်ဂိုး

အုပ်စုပွဲစဉ်များ၌ ထူးထူးခြားခြား ခြေစွမ်းပြကစားနိုင်ခဲ့သော ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် ယနေ့ပွဲစဉ်၌ ဦးဆောင်ဂိုး သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် သုံးဂိုး အသွင်းခံရပြီး ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးဖောက်ဂိုးသွင်းနိုင်ကြ၍ နှစ်ဂိုးစီသရေပွဲဖြစ်နေသည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၂၁မိနစ်တွင် အသင်းခေါင်းဆောင် စန်းမောင်က သွင်းယူပေးသည်။ စွမ်းအင်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၂၆ မိနစ်တွင် အသင်းခေါင်းဆောင် ဇော်ထက်အောင်က သွင်းယူပေးသည်။ စွမ်းအင်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်မိနစ် ၃၀ တွင် စိုင်းသန်းအောင်က သွင်းယူပေးပြီး ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၈မိနစ်တွင် နေဝင်းအောင်က သွင်းယူပေးသည်။

### ထုတ်ပယ်ခြင်းခံရ

ဒုတိယပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဦးဆောင်ဂိုး ထပ်မံရရှိရေးအတွက် အမြင့်ဘောများ အသုံးပြု၍ တိုက်စစ်ဖွင့် ကစားရာ စွမ်းအင်အသင်း၏ တန်ပြန်တိုက်စစ်ဆင်ခြင်းကိုခံရပြီး ဂိုးများ ဆက်တိုက်ပေးခဲ့ရသည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် ဒုတိယပိုင်း၌ နည်းဗျူဟာများယွင်းပြီး ပွဲချိန်ကြာလာသည်နှင့်အမျှ ပွဲပန်းကာ ကစားကွက် မတည်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ ဒုတိယပိုင်း၌ ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ တိုက်စစ်မှူး ထွန်းမင်းနိုင် နှစ်ဝါ အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရသဖြင့် ၁၁ ယောက် ၁၀ ယောက် ကစားရပြီး အားနည်းခဲ့ရခြင်း ဖြစ်သည်။

### ဂိုးသွင်းသေချာ

စွမ်းအင်အသင်းသည် ဒုတိယပိုင်း၌ အနီးပေး၊ အနိမ့်ဘောများဖြင့် အုပ်စုဖွဲ့ကစားမှု ကောင်းမွန်ပြီး ဂိုးသွင်းသေချာ၍ အနိုင်ဂိုးများ ရရှိခဲ့သည်။ စွမ်းအင်အသင်းအတွက် တတိယဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် စိုင်းသန်းအောင်က သွင်းယူပေးသည်။ စတုတ္ထဂိုးနှင့် ပဉ္စမဂိုးကို အသင်းခေါင်းဆောင် ဇော်ထက်အောင်က ပွဲချိန် ၇၅ မိနစ်နှင့် ၈၈ မိနစ်တို့တွင် သွင်းယူခဲ့ခြင်း ဖြစ်သည်။ စွမ်းအင်အသင်းခေါင်းဆောင် ဇော်ထက်အောင်သည် တိုက်စစ်ကို လိုက်ပါကစားမှုကောင်းမွန်ပြီး အဆုံးသတ်ပိုင်နိုင်၍ ဟက်ထရစ်ရရှိခဲ့သည်။

စွမ်းအင်အသင်းသည် ပထမအဆင့် အုပ်စုပွဲစဉ်၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ထပ်မံအနိုင်ရရှိကာ ဆုဖလားနှင့် လက်တစ်ကမ်းအလိုသို့ ရောက်ရှိသွားသည်။ ယမန်နှစ် ကွင်းပိတ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၌ ရှုံးနိမ့်ခဲ့သော စီးပွား/ကူးသန်းအသင်းနှင့် ဗိုလ်လုပွဲတွင် ဆုံတွေ့ရပြီဖြစ်ရာ စိတ်မကျေပွဲနွှဲရမည်ဖြစ်သည်။ စွမ်းအင်အသင်းသည် ဒုတိယအဆင့် အုပ်စုပွဲစဉ်၌ စီးပွား/ကူးသန်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

### စွမ်းအင်အသင်း

ဗိုလ်လုပွဲသို့ တက်ရောက်သွားသော စွမ်းအင် ဘောလုံးအသင်းတွင် **(ဂိုး)** ထင်အောင်၊ **(နောက်တန်း)** ဇော်ထက်အောင်၊ မင်းမင်းထွန်း၊ ကျော်ခိုင်ဝင်း၊ မျိုးဇော်ဦး၊ **(အလယ်တန်း)** လင်းလင်းထွေး၊ အောင်ကျော်မျိုး (ဝေယံမောင်)၊ အောင်ဆန်းဦး၊ အောင်ကျော်မိုး၊ **(ရှေ့တန်း)** နိုင်ဝင်း၊ စိုင်းသန်းအောင်တို့ ပါဝင်ကစားခဲ့ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းတွင် **(ဂိုး)** ကိုကိုအောင်၊ **(နောက်တန်း)** ဌေးအောင်၊နေဝင်းအောင် (မင်းသိုက်အောင်)၊ အောင်ကိုမင်း၊ တိုးမြင့်လှိုင်၊ **(အလယ်တန်း)** ဇော်မိုးသိန်း (လှထွန်းအောင်)၊ စန်းမောင်၊ မောင်မောင်အောင်၊ **(ရှေ့တန်း)** ထွန်းမင်းနိုင်၊ ရဲဝေယံစိုးတို့ ပါဝင်ကစားခဲ့ကြသည်။



**ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်အသင်းတို့ ဤသို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။**

### သက်လုံကောင်းမွန်

စွမ်းအင်ဘောလုံးအသင်း အုပ်ချုပ်သူ ဦးမြတ်စိုးက "ကျွန်တော်တို့အသင်း ဒီနေ့ပွဲကစားတာ ကောင်းပါတယ်၊ ပထမပိုင်း နှစ်ဂိုးစီသရေဖြစ်နေပေမယ့် စိုးရိမ်စိတ်မရှိပါဘူး။ ဒုတိယပိုင်းမှာ ဂိုးတွေထပ်ရတာကတော့ ကစားကွက်ကောင်းတာရယ်၊ သက်လုံကောင်းမွန်တာရယ်ကြောင့်ပါ။ ဗိုလ်လုပွဲမှာတော့ နည်းဗျူဟာတစ်မျိုးနဲ့ ကစားရမှာပါ။ ဗိုလ်လုပွဲမှာ ဘယ်လိုကစားမယ်ဆိုတာ ကျွန်တော်တို့နည်းပြအဖွဲ့နဲ့ တိုင်ပင်ညှိနှိုင်းပြီးသားပါ။ အနိုင်ရမယ်လို့ ယုံကြည်ပါတယ်။ပြီးခဲ့တဲ့နှစ်ကွင်းပိတ်ပြိုင်ပွဲတုန်းက ရှုံးကြွေးကိုပြန်ဆပ်ပြီး ပထမရအောင်ယူဖို့ အားလုံး စိတ်ဓာတ်သွင်းထားကြပါတယ်။ အုပ်စုအဆင့်မှာ စီးပွား/ကူးသန်းကို ရှုံးခဲ့ပေမယ့် အကြိုဗိုလ်လုပွဲတက်ဖို့ သေချာပြီဖြစ်လို့ အနာမခံတော့ဘဲ ပုံမှန်ကစားခဲ့တာဖြစ်ပါတယ်"ဟု ပွဲအပြီးတွင် ပြောကြားသည်။

စွမ်းအင်အသင်းနည်းပြ ဦးမျိုးဝင်းကလည်း "ကျွန်တော်တို့ကစားသမားတွေ ကြိုးစားမှုကောင်းပြီး ကစားကွက်ဖော်နိုင်ခဲ့လို့ အနိုင်ရတာပါ။ ပထမပိုင်းမှာ ကစားပုံ လိုအပ်ချက်ရှိလို့ ဒုတိယပိုင်းမှာ နည်းစနစ်ပြောင်းပြီး ဘောလုံးပိုင်ဆိုင်မှုကို အဓိကထားကစားခဲ့တာပါ။ ဗိုလ်လုပွဲကတော့ ပွဲကောင်းတစ်ပွဲ ဖြစ်မှာပါ။ တိုက်စစ်မှူး အောင်ကျော်မျိုး ဒီနေ့ပွဲမှာ ဒဏ်ရာအနည်းငယ် ရသွားတာကလွဲရင် ပွဲပယ်ဒဏ်ရာရမှုမရှိပါဘူး"ဟု ပွဲအပြီးတွင် ပြောကြားသည်။

### ဗိုလ်လုပွဲ

ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် စီးပွား/ကူးသန်းအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**



**စီးပွား/ကူးသန်းအသင်းနှင့် ဗိုလ်လုပွဲတွင်တွေ့ဆုံမည့် စွမ်းအင်အသင်း။**

11-7 (07) 1 7/10/07, 2:00 PM

## အင်းစိန်မြို့နယ် ဥပဇ္ဈာယအဖွဲ့က ဝါဆိုသင်္ကန်းကပ်လှူပွဲ

**ရန်ကုန် ဇူလိုင် ၁၀**

အင်းစိန်မြို့နယ် ဥပဇ္ဈာယအဖွဲ့က ကြီးမှူး၍ အင်းစိန်မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတအမှူးပြု၍ မာလာရာမကွက်သစ်၊ ဥက္ကဋ္ဌ ဘဒ္ဒန္တသုနန္ဒ ဖော့ကန်ဝါဥူးပရိယတ္တိ အကျိုးတော်ဆောင် ဘဒ္ဒန္တပညောဘာသ ပညာရောင်ခြည်ကျောင်း တညင်းကုန်း၊ ဘဒ္ဒန္တနန္ဒဝံသဟေမာဂနိုင်ကျောင်း၊ တောင်သူကုန်း ဘဒ္ဒန္တနန္ဒာစရိယ အောင်မြေရွှေဂူကျောင်း ကြို့ကုန်းအရှေ့၊ ဘဒ္ဒန္တကောဝိဒ ဈေးကုန်းပရိယတ္တိဈေးကုန်းအနောက်၊ ဘဒ္ဒန္တခေမာစာရ ရွာမ ပရိယတ္တိ၊ ရွာမ ဘဒ္ဒန္တစန္ဒဝံသ၊ ဓမ္မိကာရာမပေါက်တော၊ ဘဒ္ဒန္တပညာသာရ မြသန္တာကျောင်း စော်ဘွားကြီးကုန်းစသည့် ဆရာတော်များအား ဇူလိုင် ၁၅ရက် မွန်းလွဲ ၁နာရီတွင် ဝါဆိုသင်္ကန်းကပ်လှူမည် ဖြစ်သည်။ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၃၀၀၀ ဖြင့် နာယက ဦးရှိန်အောင်ဗို ဖုန်း- ၀၉-၈၀၃၀၉၇၁၊ ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်အေး (ရောင်ပြန်မဂ္ဂဇင်း) ဖုန်း-၂၅၃၅၁၉၊ ဦးသိန်းဇော် (အတွင်းရေးမှူး) ဖုန်း- ၆၄၄၁၆၈၊ ဘဏ္ဍာရေးမှူး ဦးစိုးနိုင် (လှမိုးနိုင်) ဖုန်း- ၆၄၁၄၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မရမ်းကုန်း ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းအတွက် ငွေလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက် စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် ဦးမောင် မောင်ကြည်-ဒေါ်ယုယုမော် ချန်ပီယံမိသားစု ဘုရင့်နောင် ပွဲရုံက ငွေကျပ်နှစ်သိန်းကို လာရောက်လှူဒါန်းရာ စေတီ တော် ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးဘချို၊ ဦးသိန်း ထွန်း၊ ဦးဟန်ညွန့်တို့က လက်ခံရယူသည်။ **(ယာပုံ)**



အဆိုပါစောင်းတန်းတော်ကြီး တည်ဆောက်ရေး အတွက် လှူဒါန်းလိုသည့် အလှူရှင်များသည် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆နှင့် ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**



## နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးတက်ရန် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး နေပြည်တော်ရောက်ရှိ ဝန်ကြီးများနှင့် အကျိုးတူကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၀

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာဂါမာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၀ ရက်မှ ၁၁ ရက်အထိ နေပြည်တော်၌ ကျင်းပမည့် မြန်မာ-သီရိလင်္ကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည် တော်သို့ ရောက်ရှိလာသည်။**

### ကြိုဆိုနှုတ်ဆက်

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ် လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး ဦးဆောင်သော ကိုယ်စား လှယ်အဖွဲ့အား နိုင်ငံခြားရေး ဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ်ဝင်း**(အပေါ်ဝဲပုံ)** အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးလှမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများကနေပြည်တော် လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ် လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီးနှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ နိုင်ငံခြားရေးအတွင်းဝန် ဒေါက်တာ ပါလီသာကိုဟိုနာ၊ ပြည် ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိ လင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ သံအမတ်ကြီး မစ္စတာ ဆာမာရာ ဆီကာရာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးဌာန တွဲဖက်အတွင်းဝန် မစ္စတာ တစ်ဆာဝီ ဂျာရတ်တနီ၊ သာသနာရေးဝန်ကြီးဌာနမှ တွဲဖက် အတွင်းဝန် မစ္စစ်ဆူဝင်နီသာ၊ ကာကွယ် ရေး၊ ပြည်သူ့လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် ဟီရတ်၊ ရန်ကုန်မြို့ရှိ သီရိလင်္ကာ ဒီမို ကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ သံမှူး မစ္စစ်ဝီဂျာရတ်တနီမန်းဒစ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေး ဌာနမှ ဒုတိယညွှန်ကြားရေးမှူး မစ္စစ် ဆာရိဂျာ သီရိဆေနာနှင့် ကူးသန်း ရောင်းဝယ်ရေးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး မစ္စချန်ဒီမာ ကီရိဝမ် ဒယ်လာတို့အဖွဲ့ဝင်များအဖြစ် လိုက်ပါ လာကြသည်။

### သီးခြားစီတွေ့ဆုံ

သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ် လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဆောင်သော ကိုယ် စားလှယ်အဖွဲ့သည် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ သစ်တောရေးရာဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင် သိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိုးနိုင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့နှင့်လည်း သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

### အကျိုးတူ

မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံတို့ အကြား အဆင့်မြင့် အရာရှိကြီးများ အဆင့် အစည်းအဝေးကို နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကုမုဒြာဟိုတယ်၌ ကျင်းပရာနှစ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တို့သည် မြန်မာနိုင်ငံနှင့် သီရိလင်္ကာ နိုင်ငံတို့အကြား ရှိရင်းစွဲ အစဉ်အလာ အရ ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုတို့ကို ပိုမိုတိုးမြှင့်နိုင်ရေး အတွက် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ အပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး ကြသည်။

### ညစာတည်ခင်း

ညနေပိုင်းတွင် ဝန်ကြီးဦးဉာဏ်ဝင်း က သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ် လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီးနှင့် အဖွဲ့အား ကုမုဒြာ ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ၊ ထူးချွန်ဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည် နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကကြီးမှူးကျင်းပသော ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက် ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးနှင့် မြို့နယ် လှုပ်ရှားမှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၃ရက် နံနက် ၉နာရီက လားရှိုးမြို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအဆောက်အအုံသစ်၌ ကျင်းပရာ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက် ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီ က တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အဖွဲ့ အတွင်းရေးမှူး ဒေါက်တာစိုင်းစံဝင်းက ရေးလုပ်ငန်းစဉ်များအား ရှင်းလင်း တင်ပြပြီး ပထမပိုင်းအခမ်းအနား အစီ အစဉ်ကို ခေတ္တရပ်နားသည်။

ဒုတိယပိုင်း အခမ်းအနား အစီ အစဉ်ကို နံနက်၉နာရီခွဲတွင် ဆက်လက် ကျင်းပရာ ပြည်နယ်အတွင်းရှိ ခရိုင် ငါးခရိုင်မှမိခင်နှင့်ကလေးစောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများမှ ၂၀၀၇ခုနှစ် ပထမလေးလပတ်အတွက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြသည်။ ဆက်လက်၍ အစည်း အဝေးတက်ရောက်သူများက ပြန်လည် ဆွေးနွေးကြပြီး ပြည်နယ်ကြီးကြပ်ရေး အဖွဲ့ဝင် ဒေါ်နန်းခမ်းမှတ်က လချုပ် စာရင်းဇယားနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။ ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း)ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီက ပညာသင်စရိတ် များ ထောက်ပံ့ပေးအပ်ခြင်း၊ မြို့နယ် အလိုက် လှုပ်ရှားမှု ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ရာပထမဆုကိုကျောက်မဲ မြို့နယ်မှလည်းကောင်း၊ ဒုတိယဆုကို နမ့်ခမ်းမြို့နယ်မှလည်းကောင်း၊တတိယ ဆုကို လားရှိုးမြို့နယ်မှလည်းကောင်း အသီးသီးရရှိသွားကြပြီး ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနား ကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## ပန်းချီဆရာကြီး ဦးလွန်းကြွယ် ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၊ ပညာရေး ကော်မတီကစီစဉ်သည့် ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ ပန်းချီပညာ ဟောပြော ပွဲကို ဇူလိုင် ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ အစည်းအရုံးခန်းမ၌ကျင်းပမည်ဖြစ်ရာ မြို့နယ်အသီးသီးမှ အစည်းအရုံးဝင်များ၊ ပန်းချီပညာရှင်များ၊ ဝါသနာရှင်များ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## NLD ပါတီ၏လုပ်ရပ်များကို နှစ်သက်သဘောကျမှုမရှိ ပါတီဝင်အဖြစ် ဆက်လက်ပါဝင်ဆောင်ရွက်လိုမှုမရှိ

## စစ်ကိုင်းမြို့နယ်မှ ပါတီဝင် ခုနစ်ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးစိုးညွန့်၊ ဦးမွတ်ဘိုင်၊ ဦးအောင်ဝင်း၊ ဦးလှပို၊ ဦးသံချောင်း၊ ဦးစန်းတင်နှင့် ဦးမြဝင်းတို့သည် ဇူလိုင် ၂ရက်က ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက် ခဲ့ကြသည်။

စစ်ကိုင်းတိုင်းပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာ တွင် ၎င်းတို့အနေဖြင့် NLDပါတီ၏ လုပ်ရပ်များကို နှစ်သက်သဘောကျမှု မရှိတော့ကြောင်း၊ NLDပါတီဝင်အဖြစ် ဆက်လက်ပါဝင်ဆောင်ရွက်လိုမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

## ဒေါ်ခင်မရေ ကလိုက်ချည်သေး ဝတ္ထုတိုပေါင်းချုပ်ထုတ်ဝေ

**ရန်ကုန် ဇူလိုင် ၁၀**

ရွှေပြည်စိုး စာပေတိုက်၏ လုံးချင်းစာအုပ် စာစဉ်အမှတ်(၁) အဖြစ် အမျိုးသား စာပေဆုရ လယ် တွင်းသား စောချစ်၏ **“ဒေါ်ခင်မရေ ကလိုက်ချည်သေးနှင့် အခြားဝတ္ထု များ”** စာအုပ်ကို ဖြန့်ချိလိုက်သည်။ **(ယာပုံ)**





အဆိုပါ ဝတ္ထုတိုစုစည်းမှုတွင် ဒေါ်ခင်မရေ ကလိုက်ချည်သေး ဝတ္ထုနှင့် အတူ ရွှေရတုမှ စိန်ဆန္ဒ၊ ဝင့်ကြွေး တံ့တင်ရှိပါလျှင်၊ စကြဝဠာအလွမ်း၊ မုန်တိုင်းကြားက မိုးစက်ပွင့်၊ ရောဝတီမင်းသမီး စသည့် မဂ္ဂဇင်းဝတ္ထုရှည်များကို စုစည်းထားပြီး၊ ဂူဖရီး စက္ကူဖြူချော၊ အတ်ကတ်အဖုံးတို့ဖြင့် လှပသေသပ်စွာ ထုတ်ဝေလိုက်သဖြင့် စာဖတ်သူအကြိုက်တွေ့မည့် စာအုပ်ကောင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စာအုပ်ကို ရွှေပြည်စိုးစာပေတိုက် ၃၁၀ ဝါးတန်းလမ်း ဖုန်း- ၂၂၉၈၈၅ ရန်ကုန်၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂ နှင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာ လမ်း ရန်ကင်းဆရာအတတ်သင်ကျောင်းရှေ့ ဖုန်း-၇၂၅၅၃၀ ရန်ကုန်နှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေ တို့တွင် ရောင်းဈေး ကျပ် ၁၅၀၀ဖြင့် ဝယ်ယူရရှိနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## သစ္စာရွှေဂူဆရာတော် အထူးတရားသင်တန်း

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက် ပိုင်း) မြို့နယ် (၄၆)ရပ်ကွက် အောင်ဓမ္မ ရိပ်သာ ပရိယတ္တိ၊ ပဋိပတ္တိစာသင်တိုက် ကြီး၏ ဦးစီးပဓာနနာယက မြို့နယ် သံဃနာယကဥက္ကဋ္ဌ နိုင်ငံတော် သံဃ သမ္မုတိ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တတေဇနိယဉာဏ (သစ္စာရွှေဂူ) ဆရာတော်သည် ၁၃၆၉ခုနှစ် ဒုတိယ ဝါဆိုလဆန်း ခုနစ်ရက် ဇူလိုင် ၂၁ ရက် (စနေနေ့) မှစ၍ မွန်းလွဲ ၂ နာရီမှ ၃နာရီအထိ အမှတ် ၄၆ ဗိုလ်သုန်လမ်း အောင်ဓမ္မရိပ်သာ၌ အပတ်စဉ် စနေ နေ့တိုင်း ဝါတွင်းသုံးလပတ်လုံး ခန္ဓာ ဉာဏ်ရောက် ဝိပဿနာတရား သင် တန်းကို ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို သင်တန်းသို့ တက်ရောက် နိုင်ကြောင်း သိရသည်။ **(က-ပ)**

# အိန္ဒိယတပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၀

**အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် Eastern Command (Kolkata) မှ General Officer Commanding- in- Chief, Lieutenant General , K.S Jamwal AVSM. VSM ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Col. Manoj Mukund Naravane လိုက်ပါလျက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ရောက်ရှိလာသည်။**



## ကြိုဆိုနှုတ်ဆက်

အိန္ဒိယ တပ်မတော် Eastern Command (Kolkata) မှ General Officer Commanding- in - Chief, Lieutenant General, K.S Jamwal AVSM. VSM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး **(ယာပုံ)**၊ တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်တို့မှ တပ်မတော် အရာရှိကြီးများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## * ကျောဖုံးမှ

## ရှင်းလင်းတင်ပြ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများနှင့် အဖွဲ့ဝင်များလိုက်ပါလျက် သာဓုကန်စက်မှုဇုန်ရှိ Sang Da Motorcar Manufacturing Co., Ltd. ၏ မော်တော်ကားစက်ရုံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျင်မောင်က ရွေးပြည်သာစက်မှုဇုန်၊ သာဓုကန်စက်မှုဇုန်နှင့် ဝါးတရာစက်မှုဇုန်တို့၏ တည်ထောင်သည့်ခုနှစ်၊ တည်နေရာနှင့် အကျယ်အဝန်း၊ စက်မှုမြေကွက်ပေါင်း၊ စက်ရုံစုစုပေါင်း၊ လည်ပတ်စက်ရုံနှင့် တည်ဆောက်ဆဲ စက်ရုံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက သာဓုကန်စက်မှုဇုန်တစ်ခုလုံးအတွက် လျှပ်စစ်မီးရရှိအောင် စီစဉ်ဆောင်ရွက်ပေးနေမှုတို့နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တာဝန်ရှိသူများအား နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလက်မှုကဏ္ဍ တိုးတက်ရေးနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးသည် များစွာအရေးပါလှကြောင်း၊ စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး လုပ်ငန်းများ အဆက်မပြတ် လည်ပတ်နိုင်မှသာ နိုင်ငံတော်နှင့် ဒေသ၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များ အဆက်မပြတ် ဆောလျင်စွာအကောင်အထည်ဖော်လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

### ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် အဖွဲ့ဝင်များ လိုက်ပါလျက် Sang Da Motorcar Manufacturing Co.,Ltd. ၏ စက်ရုံအတွင်း တစ်တန်ကုန်တင်မော်တော်ကား ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ Mr. Yu က လုပ်ငန်းလည်ပတ်မှု၊ ကုန်ကြမ်းရရှိမှု၊ မော်တော်ကားများ ထုတ်လုပ်မှု၊ တစ်လထက် တစ်လ မော်တော်ယာဉ်ပိုမို ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ခိုင်ခိုင်ဂရု(ဖ်)သံမဏိစက်ရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကိုဆွေးနွေးမှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ သာဓုကန်စက်မှုဇုန်သည် အကျယ်အဝန်း ၄၈၀ ဒသမ ဝ၆၉ဧကကျယ်ဝန်းပြီး စက်မှုမြေကွက်ပေါင်း ၁၄၉ကွက်ကို ဖော်ထုတ်ထားသည်။ **(သတင်းစဉ်)**

# ရွှေပြည်စိုးစာပေတိုက်မှ နွယ်သာကီမဂ္ဂဇင်း အမှတ်(၁) ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၀

“လောက ကောင်းကျိုး၊ ဆောင်သယ်ပိုးမည့်၊ မြတ်နိုးစရာ၊ မှတ်ဖွယ့်စာကို၊ ကောင်းစွာထုတ်ဝေ၊ ဖြန့်ချိပေလျက်၊ ကောင်းမွေပျံ့အောင်၊ ကြိုးပမ်းဆောင်အံ့” ဟူသော ရွှေပြည်စိုး စာပေတိုက်၏ ဆောင်ပုဒ်နှင့်အညီ နွယ်သာကီမဂ္ဂဇင်း အမှတ်(၁)ကို ထုတ်ဝေလိုက်သည်။ **(အောက်ပုံ)**



အဆိုပါ မဂ္ဂဇင်းတွင် မင်းယုဝေ၊ မြင်းမူမောင်နိုင်မိုး၊ မောင်ကြင်နွယ်၊ ပျဉ်းမနားမြင့်လှိုင်၊ ရွှေမြိုင်မောင်ဖုးဝါ၊ကျော်ကျော်ဦး(လယ်ဝေး)၊မောင်နီဝင်း၊ မင်းသွေးနွယ်၊ ချမ်းမြဆောင်း(ကလော)၊မောင်သျှင်ပြေ(ပုသိမ်)တို့၏ ကဗျာများ၊ ချစ်နိုင်(စိတ်ပညာ)၊ ကို(တက္ကသိုလ်)၊ သျှီ(အင်ကြင်း)၊ တင်မြင့်၊ကိုကိုလှိုင်၊ ကျော်စိုး၊ကျော်စွာဝင်း၊ ကေမီကောင်းတို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ လယ်တွင်းသား စောချစ်၊ မချိုမွန်၊ ရွှေသဇ္ဇာ၊ မောင်မိုးဦး၊ နွေသင်နိုင်၊ နန္ဒာမိုးကြယ်၊ ပညာဗလ၊ မောင်ဆန္ဒ(လယ်ဝေး)၊ ရဲတင့်၊ မဟယ်ရီအောင်တို့၏ ဝတ္ထုများ၊ မြမြလှိုင်၏ ဝတ္ထုရှည်(စ–ဆုံး)၊ ခေတ်ပေါ်ခံစားမှုပုံရိပ်၊ ရယ်ရယ်မောမော တသောသော၊ အသောအထေ့ကာတွန်း၊ ကျောင်းသားရေးရာကဏ္ဍ၊ အနုပညာကဏ္ဍ–ကမ္ဘာတစ်လွှားထူးထူးခြားခြား၊ တစ်လအတွင်း သင့်ကံကြမ္မာ စသည့် ကဏ္ဍစုံလင်စွာဖြင့် တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရွှေပြည်စိုးစာပေတိုက် ၃၁၀ ဝါးတန်းလမ်း ဖုန်း–၂၂၉၈၈၅(ရန်ကုန်)၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်၅၂၉–၅၃၁ ကုန်သည်လမ်း ဖုန်း–၃၇၄၅၃၂နှင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ကျောင်းရှေ့ ဖုန်း–၇၂၅၅၃၀(ရန်ကုန်)နှင့်ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေတို့တွင် ရောင်းဈေး ကျပ် ၁၅၀၀ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သံအမတ်ကြီး ဦးတင်ဝင်း ချက်သမ္မတနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၁၁

ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၇ ခုနှစ် ဇွန် ၂၆ရက်တွင် ပရပ်မြို့၌ ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာဗက်ကလက်(ဗ်)၊ ကလော့(စ်)ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

# ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၀

ကျိုက်မရော မြို့နယ်အသင်း(ရန်ကုန်)၏ ပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲကို ဇူလိုင် ၂၁ရက်(စနေနေ့) နံနက် ၉ နာရီတွင် ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားအတွင်းရှိ မွန်ပရိယတ္တိစာသင်တိုက်၌ ကျိုက်မရောမြို့နယ် ဇာတိဖွား(ရန်ကုန်)ရှိ ကျောင်းထိုင်ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းများ စုပေါင်းဆက်ကပ်လှူဒါန်းကြမည် ဖြစ်သည်။

ရန်ကုန်ရောက် ကျိုက်မရောမြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဝါဆိုသင်္ကန်း၊အလှူငွေနှင့် အခြားလှူဖွယ်ပစ္စည်းများကို နာယကများ ဦးရဲမြင့် ဖုန်း–၀၉–၅၂၀၀၇၆၉၊ ဗိုလ်မှူးကြီး သာအောင် (ငြိမ်း) ဖုန်း–၀၉–၅၁၉၃၂၀၅၊ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သိန်းကြိုင်(ငြိမ်း) ဖုန်း–၀၉–၅၁၀၇၅၀၊ အတွင်းရေးမှူး ဗိုလ်ကြီးသောင်းညွန့်(ငြိမ်း)ဖုန်း–၅၅၅၆၅၁နှင့် ဦးခင်အောင် ဖုန်း–၀၉–၅၁၀၀၂၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

# Toshiba i Shop ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁၀

Lucky Bird အား Toshiba i Shop ဖွင့်လှစ်ခွင့်နှင့် Authorized Service Provider ခန့်အပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို ဇူလိုင် ၄ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

### ပြန်လည်ဖြေကြား

ရှင်းလင်းပွဲတွင် ရှေးဦးစွာ Toshiba Singapore Pte. Ltd. နှင့် Lucky Bird မှ တာဝန်ရှိသူများက Toshiba Products များနှင့် ဝန်ဆောင်မှုများအကြောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် Toshiba Singapore Pte., Ltd. မှ အထွေထွေမန်နေဂျာ Mr. Junichi Ishikawa နှင့် Lucky Bird ၏ မန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်ခိုင်တို့က Authorized Dealer နှင့် Service Provider ခန့်အပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို အပြန်အလှန်လက်မှတ်ရေးထိုးကြသည်။ ဆက်လက်၍ တက်ရောက်လာကြသော စာနယ်ဇင်းများမှ မေးမြန်းချက်များကို Toshiba နှင့် Lucky Bird တို့မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

### ပေးအပ်

ယင်းနောက် Lucky Bird ၏ မန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်ခိုင်က အမှာစကား ပြောကြားပြီး Toshiba Singapore Pte., Ltd. မှ အထွေထွေမန်နေဂျာ Mr. Junuchi Ishikawa က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ Authorized Dealer ခန့်အပ်လွှာကို မန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်ခိုင်နှင့် Authorized Service Provider ခန့်အပ်လွှာကို ဒါရိုက်တာဒေါ်မေဖြူသွယ်တို့အား ပေးအပ်သည်။

### ဝယ်ယူနိုင်

Lucky Bird ၏လုပ်ငန်း လည်ပတ်မှု၊ စည်းစနစ်ကျနမှု၊ ဝန်ဆောင်မှုအထူးကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ Toshiba ၏ Authorized Dealer နှင့် Service Provider အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရကြောင်း သိရသည်။ Toshiba ၏ အရည်အသွေးဖြင့် Note Book များနှင့် အခြားဆက် စပ်ပစ္စည်းများ ဝယ်ယူသုံးစွဲလိုသူများအနေဖြင့် သိမ်ဖြူလမ်း အမှတ် ၃၅၅ အခန်း ၁၀၆ ရှိ Lucky Bird Computer Show Room ဖုန်း–၂၄၈၁၆၇ နှင့် ၃၇၉၈၇၅တို့တွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရသေ့တောင်မြို့နယ်သားများ စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်ရောက် ရသေ့တောင်မြို့နယ်သားများ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဘွဲ့ထူး၊ ဂုဏ်ထူးရ ပုဂ္ဂိုလ်များအား ပူဇော်ဂုဏ်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကို ဇူလိုင် ၁၅ ရက်တွင် တာမွေလေးရပ်ကွက် အလိုတော်ပြည့်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ စာရင်းပေးထားသော ကျောင်းသားများ၊ သက်ကြီးများ နံနက် ၈ နာရီတွင် တက်ရောက်ကြပါရန်နှင့် သီးခြား ဖိတ်စာဖြင့် ဖိတ်ကြားခြင်းမရှိ၍ မြို့နယ်သားတိုင်း မည်သူမဆို ဖိတ်ကြားထားပြီး သံဃာတော်များနေ့ဆွမ်း ဝေယျာဝစ္စနှင့်တက်ရောက်သူများ၏နေ့လယ်စာကို ဦးထွန်းရွှေသိန်းမိသားစုက လှူဒါန်းကျွေးမွေးမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**



**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာ စခန်း အမှတ် ၂၇/၂၈ (ဘီ) နေ ပါမောက္ခဦးစောဝင်း၊ ဒေါ်နန်းဖြူဖြူ၊ သမီး မဆုလှိုင်ဦး နှင့် သား မောင် ဒွေး အောင် ဝင်း တို့၏ မွေးနေ့ အထိမ်း အမှတ် အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

**သစ်တောသစ်ပင် တို့ချစ်ခင် အစဉ်စိုက်ပျိုးအလှတိုး**

# အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်၏ ၂၀၀၇–၂၀၀၈ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၆ရက် မွန်းလွဲ ၁နာရီက ကျောက်တံတားမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အစည်းအဝေး ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။



### ရှင်းလင်း

ဆက်လက်၍ မြို့နယ်စီမံကိန်း ဦးစီးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသက်နိုင်က စီမံကိန်းရည်မှန်းချက်ဆိုင်ရာအချက်အလက်များ ရှင်းလင်းပြောကြားသည်။

### ပေးအပ်

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့် **(ဝဲပုံ)** အဖွဲ့ဝင် ဒုတိယရဲမှူး အောင်သက်နိုင်နှင့် အတွင်းရေးမှူး ဦးသက်နိုင်တို့မှ မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်သည်။ **(၁၂၉)**

# ချောက် ဂျိတီအိုင်ကျောင်းဆင်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၀

ချောက်မြို့ ဂျိတီအိုင်ကျောင်းဆင်းအင်ဂျင်နီယာ မိသားစု၏ (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၂ရက်တွင် အဘိဓမ္မာရတနာဃရ ဓမ္မာရုံ ဗဟန်း ၃လမ်းမှတ်တိုင်အနီး ရန်ကုန်မြို့တွင်လည်းကောင်း၊ ဇူလိုင် ၂၈ရက်တွင် စွန်းလွန်းဝိပဿနာ ကမ္မဋ္ဌာန်းကျောင်း ၂၆လမ်းနှင့်၆၂ လမ်းထောင့် အောင်မြေသာစံမြို့နယ် မန္တလေးမြို့တွင်လည်းကောင်း၊ ဇူလိုင် ၂၁ရက်တွင် ဝေဠုဝန်ကျောင်းတိုက် မြသလွန်ဘုရားအရှေ့ဘက် မကွေးမြို့တွင်လည်းကောင်း ကျင်းပမည်ဖြစ်ရာ ချောက်ဂျိတီအိုင်ကျောင်းမှ (မည်သည့်နှစ်တွင်မဆိုကျောင်းဆင်းသည့်) ကျောင်းသားဟောင်းများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာမြို့များသို့လာရောက် လှူဒါန်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဦးမောင်မောင်အုန်းမြင့် ဖုန်း–၀၉–၅၀၁၅၆၇၈၊ဦးကြည်ဝင်း ဖုန်း–၀၁–၆၈၁၈၉၆၊ဦးကျော်ဝေ ဖုန်း–၀၉–၂၀၀၂၂၃၃နှင့်ဦးခင်မောင်ဝင်း ဖုန်း–၀၉–၅၃၄၀၄၉၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



**ဇူလိုင် ၅ ရက်က ရန်ကုန်တိုင်း အားကစားနှင့်ကာယပညာဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများအတွက်ပေးအပ်သော ပညာသင်စရိတ် ထောက်ပံ့ကြေးငွေများကို ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်က သက်ဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူးများမှတစ်ဆင့် ဝန်ထမ်းမိသားစုများအား ပေးအပ်စဉ်။** (က–ပ)



# ပညာရေးဆိုင်ရာ အပြန်အလှန် ပူးပေါင်းဖလှယ်ရန် တရုတ်နှင့်နီပေါတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ခတ္တမန္ဒူ ဇူလိုင် ၁၀**

တရုတ်နှင့် နီပေါနှစ်နိုင်ငံတို့အနေဖြင့် ပညာရေးဆိုင်ရာ အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ဇူလိုင် ၇ ရက်က သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

**လက်မှတ်ရေးထိုး**

ထိုနားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံတို့အနေဖြင့် ပညာရေးဆိုင်ရာ ပုံမှန်အပြန်အလှန်ဆက်ဆံရေးကို ပြုလုပ်ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။ ထိုသို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှုကို နီပေါနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးသိပ္ပံမှ ဒုတိယအကြီးအကဲ လီရှောက်ကျင်းနှင့် နီပေါနိုင်ငံ ချိုင်းနားစတာတီစင်ထရယ်နီပေါမှ ဥက္ကဋ္ဌဖြစ်သူ မာဒန်ရီဂါမီတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

တရုတ်ကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံသို့ ငါးရက်ကြာ အလည်အပတ်ခရီးအဖြစ် ဇူလိုင် ၅ ရက်က ခတ္တမန္ဒူမြို့သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**စက်ရုပ်ဘောလုံးပြိုင်ပွဲ**

**ဂျပန်နိုင်ငံ တိုကျိုမြို့၌ စက်ရုပ်ဘောလုံးပြိုင်ပွဲ ကျင်းပနေသည်ကို ဇူလိုင် ၇ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



**ပျားမွေးမြူ**

**တရုတ်နိုင်ငံ ကွမ်ပေး ပြည်နယ်ရှိ ပျားမွေးမြူရေး စခန်းတစ်နေရာကို ဇူလိုင် ၉ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ- အင်တာနက်)

# ဘင်္ဂလားဒေ့ရှ် အလုပ်သမားများ မလေးရှား၌ အလုပ်လုပ်ခွင့်ပြုမည်

ကွာလာလမ်ပူ ဇူလိုင် ၁၀

**မလေးရှားနိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍများတွင် အလုပ်လုပ်ကိုင်ရန် ဘင်္ဂလားဒေ့ရှ်မှ အလုပ်သမားများအား အလုပ်လုပ်ခွင့် ပြုမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ရေးရာ ဝန်ကြီး ဖွန်ချန်အွန်းက ဇူလိုင် ၈ ရက်၌ ပြောကြားလိုက်သည်။**

မလေးရှားနိုင်ငံတွင် ပြီးခဲ့သည့်မေလက ဘင်္ဂလားဒေ့ရှ်မှ အလုပ်သမား ၃၀၀ခန့် ရောက်ရှိလာခဲ့သည်။ ၎င်းတို့သည် ပြီးခဲ့သည့် သီတင်းပတ်က မလေးရှားနိုင်ငံတောင်ပိုင်း နီဂရီဆမ်ဘီလမ်ပြည်နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းများ၌ အလုပ်လုပ်ကိုင်ခွင့်ပေးခဲ့သည်။

**ပြောကြား**

မလေးရှားနိုင်ငံသို့ ပြည်ပမှ အလုပ်သမားများ ရှာဖွေတင်သွင်းနေသော အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီလေးခုနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာနက ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

**ကူညီဆောင်ရွက်**

ထို့အတူ ဘင်္ဂလားဒေ့ရှ် အလုပ်သမားများ၏ လုပ်ခလစာငွေများ အပြည့်အဝ ရရှိရေးကိုလည်း ကူညီဆောင်ရွက်ပေးသွားမည်ဟု အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**




# အိန္ဒိယနိုင်ငံအလယ်ပိုင်းတွင် ရေလွှမ်း၊ ၁၁ဦးသေဆုံး

နယူးဒေလီ ဇူလိုင် ၁၀

**အိန္ဒိယနိုင်ငံ အလယ်ပိုင်းဒေသ၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြစ်ရေလျှံခဲ့မှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ရာ လူ ၁၁ ဦးသေဆုံးခဲ့ကြောင်း ဇူလိုင် ၉ ရက်၌ အင်ဒို-အာရှ သတင်းဌာနက သတင်းထုတ်ပြန်သည်။**

သေဆုံးသူ ရှစ်ဦးမှာ အိန္ဒိယနိုင်ငံ ဟိုရှန်ခါဘတ်ခရိုင်ရှိ ဒန်ဝါမြစ်ကို ဂျစ်ကားဖြင့် ဖြတ်သန်းမောင်းနှင်စဉ် ရေနစ်မြုပ်ခဲ့မှုကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ကျန်သေဆုံးသူသုံးဦးမှာ ကလေးငယ်များဖြစ်ပြီး ရေလွှမ်းခြင်းနှင့် မိုးရွာစဉ် မိုးကြိုး ပစ်ချခံရမှုတို့ကြောင့် ဖြစ်သည်။ အိန္ဒိယနိုင်ငံ အလယ်ပိုင်း ဟာဒါ၊ ရက်ဂတ်၊ ခန်ဒါဝါ၊ ဘေတူလ်၊ အင်ဒိုရီနှင့် ဂျာဘူရာခရိုင်အတွင်း မြို့များ၌ လမ်းများ ရေလွှမ်းလျက်ရှိသည်။

**ဆောင်ရွက်ပေး**

ထို့အပြင် ဟာဒါခရိုင် အတွင်း ကျေးရွာ ၂၀ ခန့်မှာ ရေလွှမ်းမိုးမှုဒဏ် ဆိုးရွားစွာ ခံခဲ့ရသဖြင့် ဒေသအာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အာဖဂန်နစ္စတန်၌ နေတိုးတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

**ကဘူးလ် ဇူလိုင် ၁၀**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ဇူလိုင် ၅ ရက်က စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် နေတိုး ဦးဆောင်သည့် နိုင်ငံတကာလုံခြုံမှု အကူအညီပေးရေးတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး၊ လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အိုင်အက်စ်အေအက်ဖ်က ဇူလိုင် ၆ ရက်တွင် ကြေညာသည်။

**ကြေညာ**

ဒဏ်ရာရရှိသူများ၌ အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင်တစ်ဦး၊ အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သား ကန်ထရိုက်တာတစ်ဦး ပါဝင်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

**ဖော်ပြ**

မည်သည့်ပြည်နယ်တွင် အခင်းဖြစ်ပွားသည်ကိုမူ ကြေညာချက်၌ ဖော်ပြမထားဟု ဆင်ဟွာက ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



# အမေရိကန်၌ ရဟတ်ယာဉ်ပျက်ကျ

နယူးယောက် ဇူလိုင် ၁၀

**အမေရိကန်နိုင်ငံ မန်ဟက်တန်မြို့ရှိ ဟဒ်ဆန်မြစ်အတွင်းသို့ ဇူလိုင် ၇ ရက်၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှု ဖြစ်ပွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။**(အပေါ်ပုံ)

ပျက်ကျ

**ရဟတ်ယာဉ်မှာ ထိုနေ့ညနေ ၄ နာရီ ၃၀ မိနစ်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ်မှူးနှင့် ခရီးသည် ခုနစ်ဦးကို မြစ်အတွင်းမှ ကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ အပြင်းအထန် ဒဏ်ရာရရှိသူများ မရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။**

အမ်အင်န်အေ၊ဆင်ဟွာ

# ဘရာဇီး မော်တော်ကား ရောင်းချမှု မြင့်တက်

# ဇင်ဘာဘွေ၌ ဝမ်းလျှောရောဂါဖြစ်ပွား

ဟာရာရေး ဇူလိုင် ၁၀

**ဇင်ဘာဘွေနိုင်ငံ ဟာရာရေးမြို့မှ ကီလိုမီတာ ၁၆၀ အကွာ သတ္တုထွက်ရာမြို့ဖြစ်သော ကိုဒိုမာမြို့၌ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှုကြောင့် အနည်းဆုံး ကလေးငယ် ၂၀ ကျော် သေဆုံးခဲ့သည်။**

ခံစားခဲ့ရ

**ဝမ်းပျက်ဝမ်းလျှော ရောဂါများ ဖြစ်ပွားမှုမှာ မသန့်ရှင်းသော သောက်သုံးရေများကို သောက်သုံးမိ၍ ဖြစ်နိုင်ကြောင်း၊ သေဆုံးခဲ့သည့် ကလေးငယ်များမှာ တစ်နှစ်မှငါးနှစ်အတွင်း ကလေးငယ်များဖြစ်ကြောင်း၊ အရွယ်ရောက်သူများမှာလည်း ဝမ်းပျက်ဝမ်းလျှောရောဂါကို ခံစားခဲ့ရကြောင်း သည်ဟာရယ် သတင်းစာ၌ ဖော်ပြသည်။** အမ်အင်န်အေ၊ရိုက်တာ

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၀**

ယခုနှစ် ပထမနှစ်ဝက်အတွင်း ဘရာဇီးနိုင်ငံလုပ် မော်တော်ကားများ ထုတ်လုပ်ရောင်းချမှုမှာ နှစ်ချင်းအလိုက် မြင့်တက်မှု ၂၅ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း အမျိုးသားကားထုတ်လုပ်ရေး (အန်ဖာဗာ)က ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

**မြင့်တက်**

အပြည်ပြည်ဆိုင်ရာ ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း မော်တော်ကားရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ၀၈ ဘီလီယံ ရရှိခဲ့ရာ ၂၀၀၆ ခုနှစ် ဇွန်လကထက် ၉ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ဘရာဇီးနိုင်ငံအနေဖြင့် ယခုပထမနှစ်ဝက်အတွင်း ပြည်ပသို့ မော်တော်ကားတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ဒသမ ၉၄ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး အီရတ်တောင်ပိုင်း၌ သေဆုံး

**လန်ဒန် ဇူလိုင် ၁၀**

အီရတ်နိုင်ငံ တောင်ပိုင်းတွင် သီးခြားစီ ဖြစ်ပွားသော တိုက်ပွဲများကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၇ရက်၌ အတည်ပြု ကြေညာသည်။

**ဖော်ပြ**

ဇူလိုင် ၇ ရက် စောစောပိုင်းက အီရတ်၌ အကြီးအကျယ် တိုက်ပွဲဖြစ်ပွားရာ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်းနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုရခြင်းကို များစွာဝမ်းနည်းမိသည်ဟုလည်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# နောက်ဆုံးရွေးချယ်လိုက်သော ကမ္ဘာ့အံ့ဖွယ် ခုနစ်ခု၏ရုပ်ပုံလွှာများ

## သတင်းမှတ်စု-မောင်ချစ်ကြည်

လစ္စဘွန်း ဇူလိုင် ၁၀

**ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ယခုရက်ပိုင်းအတွင်း ပြုလုပ်ခဲ့သော ကမ္ဘာ့အံ့ဖွယ် ခုနစ်ခု၏ အမည်စာရင်းအသစ်များကို ရွေးချယ်ထုတ်ပြန်လိုက်ပြီဖြစ်သည်။**

ထိုသို့ကမ္ဘာ့အံ့ဖွယ်ခုနစ်ခု၏အမည်စာရင်းအသစ်ကို ရွေးချယ်ထုတ်ပြန်ရာ၌ အင်တာနက်မှတစ်ဆင့် ကမ္ဘာတစ်ဝန်းမှ ပြည်သူ သန်း ၁၀၀ကျော်တို့က မဲဆန္ဒပေးရွေးချယ်ခဲ့ကြခြင်းလည်းဖြစ်သည်။



**တရုတ်နိုင်ငံမှ မဟာတံတိုင်းကြီး။** (ဓာတ်ပုံ-အင်တာနက်)

### ရွေးချယ်

ယခုရွေးချယ်ခဲ့သည့် ကမ္ဘာ့အံ့ဖွယ်ခုနစ်ခု၏ အမည်စာရင်းအသစ်များမှာ ဂျော်ဒန်နိုင်ငံမှ ပီထရာရှေးဟောင်းအဆောက်အအုံ၊ တရုတ်နိုင်ငံမှ မဟာတံတိုင်း၊ ဘရာဇီးနိုင်ငံမှ ယေရှုခရစ်တော်ရုပ်တု၊ ပီရူးနိုင်ငံမှ မာချူပီချူမြို့ဟောင်း၊ မက္ကဆီကိုနိုင်ငံမှချီချန်အီဇာပိရမစ်ပုံအဆောက်အအုံ၊ အီတလီနိုင်ငံမှ ရိုမင်ကိုလိုစီယမ် အားကစားကွင်းအဆောက်အအုံနှင့်အိန္ဒိယနိုင်ငံမှတာ့ဂျ်မဟာအဆောက်အအုံတို့ဖြစ်ကြသည်။



**ပီထရာ ရှေးဟောင်း အဆောက် အအုံ**

**ဂျော်ဒန်နိုင်ငံမှ ပီထရာ ရှေးဟောင်း အဆောက်အအုံ။** (ဓာတ်ပုံ-အင်တာနက်)

### ပီထရာရှေးဟောင်းအဆောက်အအုံ

ဂျော်ဒန်နိုင်ငံမှပီထရာရှေးဟောင်းအဆောက်အအုံသည်ရှေးခေတ်ဂျော်ဒန်ဘုရင်တစ်ပါးဖြစ်သည့် အရီတက်စ် (၉ ဘီစီ မှ ၄၀ အေဒီ) လက်ထက်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အမြင့် ၄၂မီတာရှိပြီး အရှေ့အလယ်ပိုင်းဒေသ၏ ရှေးဟောင်းယဉ်ကျေးမှုလက်ရာအဆောက်အအုံတစ်ခုဖြစ်သည်။

### မဟာတံတိုင်းကြီး

တရုတ်နိုင်ငံမှ မဟာတံတိုင်းကြီးသည် ပြည်သူတို့၏စုပေါင်းလုပ်အားနှင့်တည်ဆောက်ခဲ့သော အဆောက် အအုံများအနက် အကြီးမားဆုံးဖြစ်သည်။ ထောင်ပေါင်းများစွာသော တရုတ်ပြည်သူတို့၏ စုပေါင်းစွမ်းအားနှင့်စည်းလုံးညီညွတ်စွာတည်ဆောက်ခဲ့သော သမိုင်းဝင် ပြယုဂ်တစ်ခုလည်းဖြစ်သည်။



**အိန္ဒိယနိုင်ငံမှ တာ့ဂျ်မဟာ အဆောက်အအုံ။** (ဓာတ်ပုံ-အင်တာနက်)



**ဘရာဇီး နိုင်ငံမှ ယေရှု ခရစ်တော် ရုပ်တု။** (ဓာတ်ပုံ-အင်တာနက်)

### ယေရှုခရစ်တော်ရုပ်တု

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ ယေရှုခရစ်တော်ရုပ်တုကြီးမှာ ၁၉၃၁ ခုနှစ်က တည်ဆောက်ခဲ့သည့် ရုပ်တုဖြစ်သည်။ အမြင့် ၃၈ မီတာခန့်ရှိပြီး မတ်ရပ်ရုပ်တုဖြစ်သည်။ ဘရာဇီးမှ ဒီဇိုင်းပညာရှင် ဟေတာဒါဆီးလ်ဗာက ပုံစံထုတ်ပြီး ပြင်သစ်ရုပ်တုပညာရှင် ပေါလ်လန်ဒေါစကီးက ထုလုပ်ခဲ့ခြင်းဖြစ်သည်။ ကော်ကိုဗာဒိုတောင်ထိပ်၌ တည်ရှိသည်။



**မက္ကဆီကို နိုင်ငံမှ ချီချန် အီဇာ ပိရမစ်ပုံ အဆောက်အအုံ။** (ဓာတ်ပုံ-အင်တာနက်)

### ချီချန်အီဇာအဆောက်အအုံ

မက္ကဆီကိုနိုင်ငံရှိ ချီချန်အီဇာ ပိရမစ်ပုံစံအဆောက်အအုံသည် မက္ကဆီကိုနိုင်ငံအတွင်း၌ ရှေးအကျဆုံးနှင့် လက်ရာအမြောက်ဆုံး အဆောက်အအုံတစ်ခုဖြစ်သည်။ အဆိုပါ အဆောက်အအုံကို အေဒီ ၈၀၀မတိုင်မီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ခေတ်ဟောင်း၊ ခေတ်သစ် အနုပညာလက်ရာများကို တစ်ပြိုင်နက်တည်း မြင်တွေ့ရနိုင်သည့် အဆောက်အအုံ တစ်ခုဖြစ်သည်။



**အီတလီနိုင်ငံမှ ရောမခေတ် ရှေးဟောင်း ရိုမင်ကိုလိုစီယမ် အားကစားရုံ အဆောက်အအုံ။** (ဓာတ်ပုံ-အင်တာနက်)

### တာ့ဂျ်မဟာ

အိန္ဒိယနိုင်ငံမှ တာ့ဂျ်မဟာ အဆောက်အအုံကို အေဒီ ၁၆၃၀က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မွန်ဂို အင်ပါယာ၏ ငါးဆက်မြောက် ဘုရင်ရှဂျဟန်အမိန့်ဖြင့် တည်ဆောက်ခဲ့သော အဆောက်အအုံဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ရှေးဟောင်းအနုပညာ လက်ရာများကို မြင်တွေ့နိုင်သည့် အဆောက်အအုံတစ်ခု ဖြစ်သည်။



**မာချူ ပီချူ မြို့ဟောင်း**

**ပီရူးနိုင်ငံမှ မာချူပီချူ မြို့ဟောင်း။** (ဓာတ်ပုံ-အင်တာနက်)

### မာချူပီချူရှေးဟောင်းမြို့

ပီရူးနိုင်ငံမှမာချူပီချူရှေးဟောင်းမြို့ကို လွန်ခဲ့သည့် ၁၅ ရာစုခန့်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ပေ ၈၀၀၀ မြင့်သော တောင်တစ်ခု၏ တောင်စောင်း၌ တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ၁၉၁၁ခုနှစ်က ပြန်လည်ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

### ရောမခေတ်ရှေးဟောင်းအားကစားရုံ

အီတလီနိုင်ငံမှ ရောမခေတ် ရှေးဟောင်း ရိုမင်ကိုလိုစီယမ် အားကစားရုံ အဆောက်အအုံမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ခန့်က တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ထိုအားကစားရုံအတွင်း လူနှင့်တိရစ္ဆာန်၊ လူနှင့်လူချင်း ယှဉ်ပြိုင်ပွဲများ ကျင်းပရာ အားကစားရုံတစ်ခု ဖြစ်သည်။ ရှေးခေတ် ရောမတို့၏ ဗိသုကာလက်ရာများကိုမြင်တွေ့နိုင်သောရှားပါးသည့် အဆောက်အအုံတစ်ခုလည်း ဖြစ်ပေသည်။ ။ **(အင်တာနက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၁-၇-၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓမ္မာအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၅ ၈။ ချောင်းမငယ်ရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
- ၁၇:၁၀ ၆။ သီချင်းကြီးပဒေသာ
- ၁၇:၂၀ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၂။ Discovery
- ၁၉:၁၅ ၁၃။ **ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာ အားကိုးကြ** ခန့်စည်သူ၊ ဖြိုးငွေစိုး မင်းရာဇာ၊ သဇင်၊ ပုလဲဝင်း၊ ဖူးစုံ [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]
- ၁၉:၄၀ ၁၄။ ဝါဆိုခြင်းပွဲတော်
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **တစ်သက်စာ** ထွန်းထွန်း(Examplez)၊ သဇင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
- ၁၉။ ၂၀၀၇ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။



## စီမံကိန်းတာဝန် ပေးအပ်

**ဇူလိုင် ၅ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် ၂၀၀၇-၂၀၀၈ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်တင်က ဌာနဆိုင်ရာများအား စီမံကိန်းတာဝန်များ ပေးအပ်စဉ်။**

(က-ပ)

## မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းစည်းဝေး

**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ တတိယအကြိမ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင်၈ရက်နံနက် ၉နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech ၌ ကျင်းပသည်။

### အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက အဖွင့်အမှာစကား ပြောကြားသည်။ အစီအစဉ်အရ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း၏ ဒုတိယဥက္ကဋ္ဌဦးဝင်းသင်က အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၀၆ ခုနှစ်အတွက် အစီရင်ခံစာကိုလည်းကောင်း၊ အတွင်းရေးမှူးဦးသိန်းမြင့်က ယခင် ဒုတိယအကြိမ်နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး မှတ်တမ်းကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးသန်းတင်က ၂၀၀၆ခုနှစ် ဘဏ္ဍာရေး ရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာ ကိုလည်းကောင်း အသီးသီးဖတ်ကြား၍ အတည်ပြုချက်များရယူသည်။ ထို့နောက် အသင်း၏ အလုပ်အမှုဆောင် အဖွဲ့ဥက္ကဋ္ဌ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။

**(မြန်မာ့အလင်း)**

# ချယ်လ်ဆီးအသင်း ကွင်းလယ် အားဖြည့် ပေါင် ၁၃သန်းဖြင့် လိုင်ယွန်မှ မာလူဒါအားခေါ်ယူ

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဇူလိုင် ၁၀

**ပရီမီယာလိဂ်ချန်ပီယံဆုကို သုံးနှစ်ဆက်တိုက်ရယူရေး အိပ်မက်ပျက်ပြယ်ခဲ့ရသည့် ချယ်လ်ဆီးအသင်းအနေဖြင့် လာမည့်ဘောလုံးရာသီ၌ ပရီမီယာလိဂ်ဖလားကို ပြန်လည်ရယူရေး ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။**

ထိုသို့ လူအင်အား ဖြည့်ဆည်းရာတွင် ပြင်သစ်ကလပ် လိုင်ယွန်အသင်းမှ ကွင်းလယ်ကစားသမား မာလူဒါကို ခေါ်ယူရေး အတွက် ပြောင်းရွှေ့ခ ဈေးနှုန်းများ ညှိနှိုင်းပြီးဖြစ်ရာ အပြီးသတ် စာချုပ်ချုပ်ဆိုရန်သာ ရှိတော့သည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

**ခေါ်ယူ**

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအနေဖြင့် ကွင်းလယ်တွင် အက်စီယံ၊ လမ်းပတ်နှင့် မိုက်ကယ်ဘောလက်တို့ ရှိနေသော်လည်း ထိုကစားသမားများ၏ ရပ်တည်မှုမှာ သေချာခြင်း မရှိသဖြင့် ယခုကဲ့သို့ လိုင်ယွန်ကွင်းလယ်ကစားသမား မာလူဒါကို ခေါ်ယူရန်ကြိုးစားခဲ့ခြင်းပင် ဖြစ်သည်။

**မပြီးပြတ်**

ချယ်လ်ဆီးအသင်း၌ လောလောဆယ် အခြေအနေအရ ကွင်းလယ်ကစားသမား အက်စီယံ၏အနေအထားမှာ ပြောင်းလဲမှုမရှိသော်လည်း လမ်းပတ်သည် ချယ်လ်ဆီးနှင့် စာချုပ်အသစ်ချုပ်ဆိုရေး မပြီးပြတ်နိုင်သေးဘဲ ဖြစ်နေသည်။

**တိုက်တွန်း**

လုပ်ခလစာညှိနှိုင်းမှုမရသဖြင့် လမ်းပတ်ချယ်လ်ဆီး၌ ဆက်ရှိရေး၊ မရှိရေးမှာ မရေရာ မသေချာဖြစ်လျက်ရှိနေသည်။ မော်ရင်ဟိုက လမ်းပတ်နှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုရန် ချယ်လ်ဆီး ဘုတ်အဖွဲ့ကို တိုက်တွန်းထားသည်။

ချယ်လ်ဆီး အမှုဆောင်လူကြီးများကလည်းချယ်လ်ဆီး၌လုပ်ခ လစာ အများဆုံး ရရှိထားသော မိုက်ကယ်ဘောလက်နှင့် ရှက်ဗ်ချင်ကိုတို့ကဲ့သို့ မည်သည့်ကစားသမားမျှလုပ်ခလစာ မရနိုင်ဟု ဆိုထားမှုအပေါ် ပြန်ရုပ်သိမ်းပေးရဖွယ် ရှိနေသည်။

**မရရှိ**

သို့မဟုတ်ပါက လမ်းပတ်ကို ကြိုက်ဈေးပေး ခေါ်ယူလိုနေသော ထိပ်တန်းကလပ်အသင်းများကလည်း တန်းစီ စောင့်မျှော်လျက် ရှိနေရာ လမ်းပတ်ကို လက်လွှတ်ဆုံးရှုံး ရဖွယ်ရှိနေသည်။ လက်ရှိအချိန်၌ မည်သည့် သဘောတူညီချက်မျှ မရရှိ သေးချေ။

**လွှဲရဖွယ်**

ထို့အပြင် ချယ်လ်ဆီးကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်မှာလည်း ဒဏ်ရာများနှင့် လုံးထွေးနေခဲ့သဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီက ပွဲတိုင်း မကစားနိုင်ခဲ့ချေ။ လက်ရှိအနေအထား၌လည်း အူကျရောဂါ ခွဲစိတ်ကုသမှုခံယူထားသဖြင့် ချယ်လ်ဆီး၏ ပွဲစဉ်အချို့၌ လွှဲရဖွယ်ရှိနေသည်။

တစ်ဖန် မိုက်ကယ်ဘောလက်မှာ ချယ်လ်ဆီးကစားသမားများ၏ အမြင်မကြည်လင်မှုနှင့် ဝေဖန်ပြစ်တင်မှုများ ကြုံတွေ့နေရသဖြင့် သူ၏အနာဂတ်ကလည်း မရေရာသော အခြေအနေဖြစ်လျက်ရှိသည်။

ထို့ကြောင့် မော်ရင်ဟိုအနေဖြင့် ချယ်လ်ဆီးကွင်းလယ်အတွက် ကစားသမားတစ်ဦး ထပ်မံရှာဖွေမှု ပြုလုပ်ခဲ့ရသည်။ ထိုသို့ ဒေါင်ဒေါင်မြည် ကွင်းလယ်ကစားသမားတစ်ဦး ရှာဖွေနေသော မော်ရင်ဟိုသည် ပြင်သစ်ကွင်းလယ်ကစားသမားနှင့် လိုင်ယွန်ကွင်းလယ်ကစားသမား ဖြစ်သူ မာလူဒါအား မျက်စိကျခဲ့သဖြင့် ခေါ်ယူရေးညှိနှိုင်းနေမှုမှာ ပြီးဆုံးလုနီးပါးရောက်ရှိနေပြီဖြစ်သည်။



**အပြီးသတ် စာချုပ်ချုပ်ဆိုရန်သာရှိတော့သည့် လိုင်ယွန်အသင်းမှ ကွင်းလယ်ကစားသမား မာလူဒါ။** (ဓာတ်ပုံ–အင်တာနက်)

**စာချုပ်နိုင်တော့မည်**

အသက် ၂၇နှစ် အရွယ်ရှိသည့် မာလူဒါကို ချယ်လ်ဆီးက ပြောင်းရွှေ့ကြေးပေါင် ၁၃ ဒသမ ၅သန်းဖြင့် ခေါ်ယူရန် လိုင်ယွန်အသင်းနှင့် ညှိနှိုင်းမှုရရှိခဲ့ပြီ ဖြစ်သည်။ မာလူဒါအနေဖြင့် ဆေးစစ်မှုများပြုလုပ်ပြီးလျှင် အပြီးသတ် စာချုပ်နိုင်တော့မည် ဖြစ်သည်။

မိမိတို့ ကလပ်နှစ်သင်း သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း လိုင်ယွန်ကလပ်ဥက္ကဋ္ဌ ဂျိမ်းမိုက်ကယ်အောလက်စ်က ပြောကြားလိုက်ပြီဖြစ်သည်။

**ဆန္ဒရှိ**

ထို့အတူ ချယ်လ်ဆီး အသင်းအမှုဆောင် ဥက္ကဋ္ဌ ပီတာကင်ယွန်ကလည်း ရာသီ အကြိုခြေစမ်းပွဲအဖြစ် လော့စ်အိန်ဂျလိစ်သို့ခရီးမထွက်မီ အပြီးသတ် စာချုပ်နိုင်ရန် ဆန္ဒရှိနေသည်။

ပြင်သစ်နှင့် လိုင်ယွန်ကွင်းလယ်ကစားသမား မာလူဒါသည် လိုင်ယွန်အသင်းအတွက် ပြင်သစ်လိဂ်ဖလားလေးကြိမ်ရယူပေးနိုင်ခဲ့သူဖြစ်သည်။ ထို့အပြင် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက ပြင်သစ်လိဂ်၌ အကောင်းဆုံး ဘောလုံးသမားဆု ရရှိခဲ့သူလည်း ဖြစ်သည်။

**မိတ်ဆွေများ**

မာလူဒါပြောင်းရွှေ့ကစားရန် အဓိကတိုက်တွန်းခဲ့သူမှာ ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာဖြစ်သည်။ ဒရော့ဘာနှင့် မာလူဒါတို့သည် တစ်ချိန်က ကစားဖော်များဖြစ်ပြီး ရင်းနှီးသော မိတ်ဆွေများလည်း ဖြစ်သည်။

**အကောင်းဆုံးဖြစ်လာမည်**

မာလူဒါသည် ဘောလုံး တစ်သင်းလုံး၏ ကစားအားကို ထိန်းချုပ်နိုင်သည့် စွမ်းအားရှင် ကစားသမားတစ်ဦးဖြစ်ကြောင်း မာလူဒါ ရောက်ရှိလာလျှင် ချယ်လ်ဆီး ကွင်းလယ်သည် ပရီမီယာလိဂ်၌ အကောင်းဆုံးဖြစ်လာမည်ဟု မော်ရင်ဟို ပြောကြားနေသဖြင့် စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။ ။

**(ကိုးကား–အင်တာနက်)**

## အင်တာနက် အားကစားသတင်း အတိုအထွာ

✳ **အီတလီနောက်ခံလူ ဖာဘီရိုဂရိုဆိုသည် ပြင်သစ်ကလပ် လိုင်ယွန်နှင့် လေးနှစ်စာချုပ် ချုပ်ဆိုလိုက်သည်။**

✳ ဘော်လ်တန်တိုက်စစ်မှူး အနယ်ကာက ၎င်းအနေဖြင့် မန်နေဂျာ ဆာမီလီနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ဘော်လ်တန် အသင်း၌သာ ဆက်ကစားမည်ဖြစ်ကြောင်းအခိုင်အမာပြောကြားလိုက်သည်။

✳ **ပြင်သစ်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ ပထမနေ့ခရီးစဉ်တွင် ဩစတြေးလျ စက်ဘီးစီး အားကစားသမား ရော်ဘီမက်အီးဝမ်သည် စံချိန် ၄နာရီ ၃၉မိနစ်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။**

(အင်တာနက်)

## ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ– မြင့်မောင်စိုး

## ဂီတာဖေးနည်းပြ ဘန်းရှူးစတားအား ရီးရဲမက်ဒရစ်က နည်းပြခန့်အပ်

**မက်ဒရစ် ဇူလိုင် ၁၀**

ရီးရဲမက်ဒရစ်အသင်းသည် နည်းပြကာပယ်လိုအား ရာထူးမှ ဖြုတ်ချခဲ့ပြီးနောက် ရီးရဲမက်ဒရစ်အသင်း နည်းပြသစ်ကို ဘန်းရှူးစတားအား ခန့်အပ်လိုက်သည်။

**အဆုံးသတ်**

အသက် ၄၇ နှစ်ရှိ ဂျာမနီနိုင်ငံသား ဘန်းရှူးစတားသည် ဘာနေဗျူးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဂီတာဖေးအသင်းနှင့် နှစ်နှစ်စာချုပ်ထားမှုကို အဆုံးသတ်လိုက်သည်။

အဆိုပါနည်းပြ ကိုင်တွယ်ခဲ့သော အသင်းများသည် ဘောလုံးရသ၊ ဘောလုံးအနုပညာတို့ ပေးစွမ်းနိုင်ခဲ့ကြောင်း၊ ၎င်းသည် နာမည်ကြီးကြယ်ပွင့်များကို ကိုင်တွယ်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ရီးရဲမက်ဒရစ် အသင်းဥက္ကဋ္ဌ ရေးမွန်းကယ်ဒါရွန်က ဆိုသည်။



**ရီးရဲမက်ဒရစ်အသင်း နည်းပြ ဖြစ်လာသည့် ဘန်းရှူးစတား။** (ဓာတ်ပုံ–အင်တာနက်)

ဘန်းရှူးစတားက ၎င်းအနေဖြင့် အသင်းအတွက်အာဆင်နယ်ကွင်းလယ် ကစားသမား ဖာဘရီဂတ်စ်ကို ခေါ်ယူလိုကြောင်း၊ ယုံကြည်စိတ်ချရသူဖြစ်ကြောင်းပြောကြားသည်။ အွန်နရီ ဘာစီလိုနာသို့ ထွက်ခွာသွားခဲ့ပြီးနောက် ဖာဘရီဂတ်စ် အာဆင်နယ်မှ ဆက်လက်ထွက်ခွာရန် ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သည်။

**အစားထိုး**

သို့ရာတွင် အဆိုပါကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်က အာဆင်နယ်၌သာ ကစားမည်ဖြစ်ကြောင်း မကြာမီက အခိုင်အမာပြောကြားခဲ့သည်။ ထိုအတောအတွင်း ဂီတာဖေးအသင်းကလည်း ဘန်းရှူးစတားအစား မိုက်ကယ်လောက်ဒရပ်ကို နည်းပြသစ်အဖြစ် နှစ်နှစ်စာချုပ်ကာ အစားထိုးလိုက်သည်။

**ပို့ပေးနိုင်**

ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ် ကစားသမားဖြစ်ခဲ့သော ဘန်းရှူးစတားသည် ဂီတာဖေးအသင်းကို စပိန်ဖလားဗိုလ်လုပွဲသို့ရောက်အောင် ဦးဆောင်နိုင်သကဲ့သို့ ယမန်နှစ်က ဂီတာဖေးအသင်းအား စပိန်လာလီဂါ အမှတ်ပေး ဇယားနံပါတ် ၉ နေရာသို့ ရောက်အောင်လည်း ပို့ပေးနိုင်ခဲ့သည်။

**ဆွေးနွေး**

၎င်းသည် ယခင်က ရှက်တာဒိုးနက်နှင့် လီဗန်တေးအသင်းများကိုလည်း နည်းပြလုပ်ခဲ့သူဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် ဘန်းရှူးစတားအား နည်းပြမခန့်မီ အာဆင်နယ် နည်းပြအာစင်ဝင်းဂါး၊ ပီအက်စ်ဗွီ နည်းပြ ရော်နယ်ကိုးလ်မန်းနှင့် ဘရွန်ဘီနည်းပြဟောင်း မိုက်ကယ်လောဒရပ်တို့နှင့်လည်း ဆွေးနွေးခဲ့ကြောင်းသိရသည်။ **(အင်တာနက်)**

## ကာရေဂါ အင်္ဂလန်အသင်း၌ပါဝင်ကစားရန် စဉ်းစားမည်ဟုဆို





**အင်္ဂလန်အသင်းတွင် ပုံမှန်ကစားခွင့်မရဖြစ်နေသော ကာရေဂါ။** (ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဇူလိုင် ၁၀

**အင်္ဂလန်အသင်းကစားသမား ကာရေဂါက ၎င်းအနေဖြင့် အင်္ဂလန် အသင်းတွင်ပုံမှန်နေရာ ကစားခွင့် မရခဲ့သည့်အတွက် အင်္ဂလန်အသင်း၌ ဆက်လက်ပါဝင်ကစားရေးကို စဉ်းစားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။**

**၎င်းအား နည်းပြ မက်ကလာရင်က ပြီးခဲ့သော အက်စ်တိုနီးယားနှင့် ကစားခဲ့သည့် ယူရို ၂၀၀၈ခြေစစ်ပွဲ၌ ခေါ်ယူခြင်းမပြုဘဲ ချန်ထားခဲ့သည်။**

ပြောကြား

**ကာရေဂါသည် ဇွန် ၁ရက်က အင်္ဂလန်– ဘရာဇီး ချစ်ကြည်ရေးပွဲ၌ အင်္ဂလန် နောက်တန်းခံစစ်ကို အခိုင်အမာ ကာကွယ်ကစားပေးနိုင်ခဲ့သူဖြစ်သည်။ သို့ရာတွင် နည်းပြမက်ကလာရင်က ယူရိုခြေစစ်ပွဲတွင် ထည့်မသုံးဘဲ ချန်ထား ခဲ့သည်။ ယင်းအတွက် စဉ်းစားစရာဖြစ်လာကြောင်း အသက်၂၉နှစ်ရှိ ကာရေဂါက သတင်းဝက်ဘ်ဆိုက်တစ်ခုသို့ ပြောကြားလိုက်သည်။**

(အင်တာနက်)

## ကိုပါအမေရိကဖလား ဆက်လက်ယှဉ်ပြိုင် အာဂျင်တီးနားနှင့်မက္ကဆီကို အကြိုဗိုလ်လုပွဲတက်ပြီ

**(ပွာတိုလာခရုစ်) ဗင်နီဇွဲလား ဇူလိုင် ၁၀**

ကိုပါအမေရိကဖလားကို ဗင်နီဇွဲလားနိုင်ငံ၌ ဇူလိုင် ၉ရက်က ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရာ အာဂျင်တီးနားအသင်းသည် ပီရူးအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာ သည်။

အာဂျင်တီးနားအသင်းတွင် ရီကွယ်မီနှင့်လူစားဝင်လာသူ ကားလို့စ်တီဗက်ဇ်နှင့် မက်ဆီတို့အချိတ်အဆက်မိမိ ဦးဆောင်ကစားခဲ့သည်။ ယင်းတို့သည် အာဂျင်တီးနားအသင်းအတွက် အနိုင်ဂိုးများကို ဒုတိယပိုင်း၌ သွင်းယူပေးနိုင်ခဲ့ကြသည်။ ထိုနေ့က မက္ကဆီကိုအသင်းနှင့်ပါရာဂွေး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မက္ကဆီကိုအသင်းက ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အကြိုဗိုလ်လုပွဲအဖြစ် အာဂျင်တီးနားနှင့်မက္ကဆီကို အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



**အာဂျင်တီးနားအသင်းအတွက် အနိုင်ဂိုးများသွင်းပြီး အောင်ပွဲခံနေသော ရီကွယ်မီနှင့် ကစားဖော်များ။** (ဓာတ်ပုံ–အင်တာနက်)




## မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း



### အင်ဒိုနီးရှား၌ ဂမ်ကိုနိုရာမီးတောင် ပေါက်ကွဲ ပြည်သူရာပေါင်းများစွာအား ရွှေ့ပြောင်းပေးခဲ့ရ

**ဂျကာတာ ဇူလိုင် ၁၀**

အင်ဒိုနီးရှားနိုင်ငံ မြောက်မာလူကူ ပြည်နယ်ရှိ ဂမ်ကိုနိုရာမီးတောင် ဇူလိုင် ၁၀ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ အနီးဝန်းကျင်ရှိ ဒေသခံပြည်သူရာပေါင်းများစွာအား ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

**ရွှေ့ပြောင်း**

မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်မှ မီးခိုးများ၊ ပြာမှုန်များမှာ ကောင်းကင်ယံ၌ လွင့်ပျံ့လျက်ရှိကြောင်း၊ အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၈၄၀၀ ခန့်ကို အလျင်အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

**ထုတ်ပြန်ထား**

မီးတောင်ပေါက်ကွဲရာအနီး ငါးမိုင်ပတ်လည်ဧရိယာကို အန္တရာယ်ဇုန်အဖြစ် အင်ဒိုနီးရှားအစိုးရက ကြေညာချက် ထုတ်ပြန်ထားသည်။

❒ ရွှေ့ဖုံးမှ

**မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက်လက်ရောင်းချရာ ညနေ ၄ နာရီတွင် ကျောက်စိမ်းအတွဲပေါင်း ၇၄၀ တွဲ ရောင်းချရသည်။ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဇူလိုင် ၆ ရက်မှ ယနေ့ညနေပိုင်းအထိ ငါးရက်ပေါင်း ရောင်းချရသော ကျောက်စိမ်းအတွဲပေါင်းမှာ ၃၀၂၁ တွဲဖြစ်သည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဇူလိုင် ၁၁ ရက်တွင် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။**

**၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ ပြည်ပနိုင်ငံပေါင်း ၁၂ နိုင်ငံ၊ ကုမ္ပဏီ ၂၂၈၂ ခုမှ ရတနာကုန်သည် ၂၄၀၁ ဦးနှင့် ပြည်တွင်းနိုင်ငံသား ကုမ္ပဏီ ၅၂၅ ခုမှ နိုင်ငံသားရတနာကုန်သည် ၁၆၃၈ ဦး၊ စုစုပေါင်းရတနာကုန်သည် ၄၀၃၉ ဦး ရောက်ရှိနေကြပြီး ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဝယ်ယူလျက်ရှိကြသည်။ ပြည်ပရတနာကုန်သည်များသည် ဆက်လက်၍ ရောက်ရှိနေကြဦးမည်ဖြစ်သည်။**

(သတင်းစဉ်)

### ပုလောမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၁၀**

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၁ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်လှူဒါန်း ပူဇော်ကြရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးမောင်လှ ဖုန်း-၅၁၄၉၆၉၊ ဒုတိယဥက္ကဋ္ဌ ဦးဘမြင့် ဖုန်း-၆၉၉၄၄၇၊ ဒုတိယဥက္ကဋ္ဌ ဦးကြီးညွှန့် ဖုန်း-၂၉၆၉၆၂၊ အတွင်းရေးမှူး ဦးမောင်အုံး ဖုန်း-၂၂၈၀၃၃၊ တွဲဖက်အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း-၇၀၆၁၇၇၊ အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း ဖုန်း-၂၂၀၃၂၄၊ ၂၉၉၇၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

### နှလုံးရောဂါနှင့် ကျောက်ကပ်ရောဂါ အပြန်အလှန် တွန်းအားပေးနေ



နှလုံးရောဂါနှင့် ကျောက်ကပ်ရောဂါတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်။ ရောဂါတစ်မျိုးဖြစ်ပြီဆိုလျှင် ကျန်တစ်မျိုး အတွက် သတိထားသာ နေပေတော့ဟု ပြောရမည်ဖြစ်သည်။

**တွေ့ရှိချက်**

နှလုံးရောဂါဖြစ်လျှင် ကျောက်ကပ်ရောဂါ ဖြစ်လာနိုင်ကြောင်း၊ ဆရာဝန်များသတိပေးပြောကြားမှုမှာ အံ့သြစရာတစ်ခုမဟုတ်၊ သို့သော် ကျောက်ကပ်ရောဂါ ဖြစ်လာလျှင် ကျောက်ကပ်ကို နှလုံးရောဂါက ဖျက်ဆီးမပစ်မီမှာပင် ကျောက်ကပ်ရောဂါက တစ်နည်းနည်းဖြင့် နှလုံးရောဂါ အမြန်ဖြစ်အောင် တွန်းပို့နေကြောင်းကို နောက်ဆုံးသုတေသနတွေ့ရှိချက်များက ဖော်ပြလိုက်သည်။

**ပြောကြား**

ယေဘုယျအားဖြင့် ရောဂါရှင်တစ်ဦးသည် ၎င်း၏ ကိုလက်စထရော အခြေအနေကို သိကြသော်လည်း မိမိကျောက်ကပ်အလုပ်လုပ် လည်ပတ်မှုကိုမူ မသိကြကြောင်း အမေရိကန်နိုင်ငံ မီချီကန်ဗျူးဟွန့်ဆေးရုံမှ ဒေါက်တာ ပီတာမက်ကူကူးက ပြောကြားသည်။

**သတိပြုသင့်**

ကျောက်ကပ်ရောဂါသည် တိတ်တဆိတ်ပျံ့နှံ့တတ်သောရောဂါဖြစ်၍ သတိပြုသင့်ကြောင်း ၎င်းက နှိုးဆော်လိုက်သည်။



ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားအနီး မြစ်ကြီးနားကျောင်းတိုက်အတွက် ပဒေသာပင်အလှူငွေကျပ် တစ်သိန်းကို ကချင်ပြည်နယ် နမ္မတီးမြို့ မြန်မာ့အလင်း သတင်းစာကိုယ်စားလှယ် ဦးဖေစိန်၏ မွေးနေ့ဒါနအဖြစ် လှူဒါန်းရာ ဆရာတော် ဦးကေတုမာလာ(မွှာစရိယ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (မြန်မာ့အလင်း)

## ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ ရေဦးမြို့၌ ကျင်းပ

**ရေဦး ဇွန် ၂၅**

မြန်မာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းထွေး၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ဇွန် ၂၅ ရက်က ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ရေဦးမြို့နယ် ဖိန်းကားကျေးရွာအုပ်စု ကွင်းအမှတ် (၂၂၄၅) ဦးပိုင်အမှတ် (၈၆/၃)ကေ ၁ဒသမ၇၆တွင် ကြက်ဆူပင် ၂၄၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

**(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**



**ဦးလှဝင်း–ဒေါ်မီးမီး၊ သားမောင်မြတ်သူရတို့က နှစ်ဖက်မိဘများအား ရည်စူး၍ လှိုင်မြို့နယ် မေတ္တာဝါဒီ ဟသ်ာတ (ပရဟိတ) ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသီလာနန္ဒထံတွင် ဝါဆိုသင်္ကန်း၊ ဆွမ်းစရိတ်နှင့် ဆွမ်းပဒေသာပင်တို့အတွက် ငွေကျပ်သုံးသိန်းကို ဇူလိုင် ၁ ရက်က ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

## စဥ့်ကူးမြို့တွင် စီမံကိန်းတာဝန်များပေးအပ်

စဥ့်ကူး ဇွန် ၂၈

**ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ်၏၂၀၀၇–၂၀၀၈ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက အမှာစကားပြောကြားပြီး မြို့နယ် အတွင်းရေးမှူး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းနွယ်က ၂၀၀၆–၂၀၀၇ခုနှစ် စီမံကိန်း အကောင်အထည်ဖော်မှုများကို အသေးစိတ် ရှင်းလင်းသည်။ ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျော်ကျော်ညွှန့်က စီမံကိန်း တာဝန်ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။





ထို့နောက် မြို့နယ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဌာနဆိုင်ရာနှင့် ရှေ့တန်းစခန်းများသို့ စီမံကိန်းတာဝန်များပေးအပ်ရာ ဌာနဆိုင်ရာများကိုယ်စား မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းကို လည်းကောင်း၊ ကျေးရွာအုပ်စုများကိုယ်စား ရှေ့တန်းစခန်း ငါးခုမှ ကျေးရွာဥက္ကဋ္ဌများသို့လည်းကောင်း ပေးအပ်လိုက်သည်။**(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**



## ပခုက္ကူမြို့နယ် အမက(၁၄၆) ကျောင်းဆောင်သစ်ဖွင့်

**ပခုက္ကူ ဇွန် ၂၂**

မကွေးတိုင်း ပခုက္ကူမြို့နယ် ဆိတ္တဝကျေးရွာအုပ်စု အနောက်သီရိကျေးရွာ အမက(၁၄၆) ကျောင်းဆောင်သစ် ပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇွန် ၈ ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးနှင့် အလှူရှင် ပန်တော်ကုမ္ပဏီမန်နေဂျာ ဦးဝင်းလှိုင်**(အပေါ်ပုံ)** တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လက်ထောက် မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(၄၁၃)**

**သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေးအတွင်း အိုင်အိုဒင်းဆားရောင်းချမှု ရှိ၊ မရှိကို ဈေးတာဝန်ခံ ဦးနေမျိုးဟန်နှင့် ဈေးကော်မတီဝင်များ စစ်ဆေးရာ ဇွန် ၇ ရက်က အမှုဆောင်အရာရှိ ဦးအောင်သူဝင်းကြီးကြပ်စဉ်။** (မြို့နယ်စည်ပင်)



## အလယ်တန်းအဆင့် ဘာသာပြ ဆရာ၊ဆရာမများ သင်ကြားရေးမွမ်းမံသင်တန်း ချောင်းဦး၌ဖွင့်

*ချောင်းဦး ဇွန် ၆*

***မုံရွာခရိုင် ချောင်းဦးမြို့ အခြေခံပညာ အလယ်တန်း အဆင့် ဘာသာပြ ဆရာ၊ ဆရာမများ သင်ကြားရေး မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက ချောင်းဦးမြို့ အခြေခံပညာ အထက်ကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။***

*တက်ရောက်*

***အခမ်းအနားသို့မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ခင်စန်းတင့်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ပညာရေးမှူး ဦးအေးမြင့်၊ ချောင်းဦး အထကမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မမနှင့် အခြေခံပညာအလယ်တန်းကျောင်း ကျောင်း အုပ်ဆရာ၊ ဆရာမကြီးများ သင်တန်း နည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသူများတက်ရောက်ကြသည်။***

*အဖွင့်အမှာစကား*

***အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက အဖွင့် အမှာစကား ပြောကြားပြီး မြို့နယ် ပညာရေးဦးစီးမှူး ဦးအေးမြင့်က သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။***

*ဖွင့်လှစ်ပို့ချမည်*

***အဆိုပါ သင်တန်းသို့ အခြေခံပညာအလယ်တန်းပြ ဆရာ၊ ဆရာမ ၅၄ ဦး တက်ရောက်ပြီး သင်တန်း ကာလမှာ ၁၇ ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။***

*(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)*

## စာကြည့်တိုက်ပညာ ရက်တိုသင်တန်း လင်းခေး၌ဖွင့်

**လင်းခေး ဇူလိုင် ၃**

လင်းခေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွား ရက်တိုသင်တန်းဖွင့်ပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမဆောင်၌ ကျင်းပသည်။

သင်တန်းမစတင်မီ မြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုးက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

သင်တန်းသို့ မြို့နယ်အတွင်း ဖွင့်လှစ်ပြီးစီးခဲ့သည် ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်ပေါင်း ၃၅ တိုက်မှ ကျေးရွာစာကြည့်တိုက်မှူးများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**





## စာဖတ်သူတိုးပွားရေး အလုပ်ရုံဆွေးနွေးပွဲ သာစည်၌ကျင်းပ

**သာစည် ဇွန် ၂၃**

သာစည်မြို့တွင် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာဖတ်သူအင်အား တိုးပွားရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီက တောင်ပေါ်ကြပ်စခန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမျိုးလွင်က ကျေးရွာအုပ်စုအတွင်း စာကြည့်တိုက်များ ဆောက်လုပ်မှု အခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

**အလေးထားဆောင်ရွက်**

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်သည် ကျေးရွာဥက္ကဋ္ဌ အဖွဲ့ဝင်များနှင့်အတူ တောင်ပေါ်ကြပ်စခန်းကျေးရွာ အုပ်စုအတွင်းရှိ ၃၇ မိုင်၊ စဥ့်ကူး၊ လည်ခေါင်း၊ သစ်ပုလွေကျေးရွာများသို့ သွားရောက်ပြီး စာကြည့်တိုက်များဆောက်လုပ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်အဆောက်အအုံများ အမြန်ပြီးစီးရေးနှင့် အုပ်စုလုံးကျွတ် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးကို အလေးထားဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**



မစ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် ကရင်ပြည်နယ် ဘားအံမြို့ ဖဲကသာကျေးရွာနေ (ဦးခင်မောင်စိုး)-ဒေါ်နုရှိန် မိသားစုက ကျောင်းအလှူငွေကျပ် တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေး ဥက္ကဋ္ဌဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ) ရှေ့မှောက်၌ လှူဒါန်းရာ အမှုဆောင် ဦးကျော်စိန်က လက်ခံယူစဉ်။ (က-ပ)

## ဆောင်းပါးဖတ် ဆွေးနွေးပွဲ ဘုတ်ပြင်းမြို့နယ်၌ ကျင်းပ

ဘုတ်ပြင်း ဇွန် ၁၀

ဘုတ်ပြင်းမြို့နယ်အတွင်း ဘုတ်ပြင်းကျေးရွာ စာကြည့်တိုက်တွင် မေ၁၇ ရက်က စာဖတ်ဝိုင်း ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်နီနီချို က ချစ်နိုင် (စိတ်ပညာ)၏ စည်းကမ်းရှိမှ ဆောင်းပါးကို ဖတ်ပြ၍ သုံးသပ်ဆွေးနွေးကြသည်။

အဆိုပါ စာဖတ်ဝိုင်းသို့ အတွင်း ဘုတ်ပြင်းကျေးရွာ ကရိုင်တိုင်ကျေးရွာ၊ ခဲမိုင်းကျေးရွာတို့မှ စာကြည့်တိုက်ကော်မတီဝင်များနှင့် လူမှုရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းနောက် စာကြည့်တိုက် အဆောက်အအုံတွင် တံခါးရွက်၊ တံခါးပေါက်များအမြန်ပြီးစီးရေးအတွက် မြို့နယ်ဦးစီးမှူးက ကျေးရွာဥက္ကဋ္ဌဦးမျိုးလွင်နှင့် ကော်မတီဝင်များအား တိုက်တွန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ထီးရိုး မဟာစည်သာသနာ့ ရိပ်သာအတွင်း၌ ဘဒ္ဒန္တ ဝိစာရိန္ဒ မဟာစည်နာယကသာသနာ့ကန်း ဆရာတော်ဦးဆောင်၍ တည်ဆောက်လျက်ရှိသော မဟာစည် သိမ်ကျောင်းတော်နှင့် ရွှေတိဂုံစေတီပုံတူ တည်ထားကိုးကွယ်ရန်အတွက် မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်တိုက်နယ်နေ ဦးချိန်ဝင်း-ဒေါ်ဌေးဌေးဝင်း မိသားစုက အလှူငွေကျပ် ခြောက်သိန်းကို တာဝန်ခံ ဦးမြင့်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်၊ ကက်ဆက်နှင့် စာအုပ်မျိုးစုံ ထပ်ဆင့်လှူဒါန်း

သန်လျင် ဇူလိုင် ၃

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဒုတိယအကြိမ် လှူဒါန်းရရှိသော ရုပ်မြင်သံကြား ပြစက်၊ ကက်ဆက်၊ ရေဒီယို၊ စာအုပ်၊ စာစောင်နှင့် ဂျာနယ်မျိုးစုံထပ်ဆင့် လှူဒါန်းပွဲကို ဇွန်၂၉ရက် မွန်းလွဲ ၁နာရီက သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးတင်ဌေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူတို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးဦးစံသိန်းက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။





ဆက်လက်၍ သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်၊ ကက်ဆက်၊ ရေဒီယို၊ စာအုပ်စာစောင်နှင့် ဂျာနယ်မျိုးစုံတို့ကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဌေး**(အပေါ်ပုံ)**၊ အတွင်းရေးမှူးဦးရဝေထွန်း၊ ခရိုင်ဦးစီးအရာရှိဒေါ်ဖြူဖြူနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းတို့က ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင်များထံ ထပ်ဆင့်ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ဟိုပန်မြို့ ပန်လုံကျေးရွာ ရေရရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မျိုးထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

## မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု ရေတာရှည်၌ သစ်ပင်စိုက်ပျိုး

ရေတာရှည် ဇူလိုင် ၁၀

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေတာရှည်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်၁ရက် နံနက် ၇နာရီက ရေတာရှည်မြို့ အမှတ်(၆)သကြားစက်သွား ကားလမ်းဘေးဝဲယာတစ်လျှောက်တွင် ကျင်းပသည်။

**စိုက်ပျိုး**

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြင့် ဦးဆောင်၍ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ အမှတ်(၆)သကြားစက်ရုံဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ပြည်သူများက ကံ့ကော်ပင် ၁၅၀၊ ခရေပင် ၁၅၀၊ သစ်ဖြူပင် ၂၀၀၊ မဟော်ဂနီပင် ၁၀၀၊ မဲဇလီပင် ၂၀၀၊ ပန်းမဲဇလီပင် ၂၀၀၊ ကြက်ဆူပင် ၃၈၀၀နှင့် အရိပ်ရပင် ၄၀၀တို့ကို သကြားစက်သွား ကားလမ်း ဘေးဝဲယာသုံးမိုင်တွင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ်ဥက္ကဋ္ဌဦးအောင်ကျော်မြင့်၊ အတွင်းရေးမှူးဦးဇေယျ၊ အမှတ်(၆)သကြားစက်ရုံမှူး ဦးအောင်နိုင်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့က သစ်ပင်စိုက်ပျိုးပွဲတွင် ပါဝင်စိုက်ပျိုးကြသည်။

**သန့်ရှင်း**

အလားတူ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးပူးပေါင်းဆောင်ရွက်ခြင်းကို ဇွန်၂၆ရက် နံနက်က ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းနှင့် အခြေခံပညာမူလတန်း ကျောင်းဝင်း ကျောင်းပြင်တို့တွင် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(က-ပ)**

## မြို့နယ် သတင်းများ



**ဇဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တည်ထောင်ဆောင်ရွက်ထားမှုကို ဇွန် ၁၅ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးညိုဝင်းမြင့် ကြည့်ရှုစစ်ဆေးရာအမှုဆောင်အရာရှိ ဦးသိန်းဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းကိုကိုတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## သာသနာပြုကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၀

ချင်းပြည်နယ် ဟားခါးမြို့ မြို့မ သာသနာပြုစာသင်တိုက် ချင်းတောင်တန်း သာသနာပြုဆရာတော် ဘဒ္ဒန္တ တေဇောသာရ (ဓမ္မာစရိယ၊ ဘီအေ၊ မဟာဂန္ထဝါစကပဏ္ဍိတ)သည် နယ်စပ်နှင့် တောင်တန်းဒေသမှ ဓမ္မာစရိယတန်းရောက် တိုင်းရင်းသား ရဟန်းသာမဏေများ သီတင်းသုံးပညာသင်ရန်အတွက် တာမွေမြို့နယ် အမှတ် (၃၁၄) ကျိုက္ကဆံလမ်း တာမွေဈေးရှေ့တွင် ချင်းပြည်နယ် ဗုဒ္ဓသာသနာထွန်းကားရေး ရတနာလင်္ကာရ သာသနာပြုကျောင်းတော်ကြီးကို ဆောက်လုပ် သာသနာပြုလျက်ရှိသည်။

ကျောင်းတော်ကြီး ပြီးစီးနိုင်ရန် ဖခင်ကြီး ဦးခင်မောင်အား ရည်စူး၍ အမှတ်(၄၅) ဝေဇယန္တာလမ်း တော်ဝင်ရိပ်သာ တောင်ဥက္ကလာပနေ မိခင်ကြီး ဒေါ်ညွန့်နွယ်နှင့် သားသမီး၊ မြေးတစ်စုတို့က သာသနာပြုကျောင်းတော်ကြီးအတွက် အလှူငွေကျပ် သိန်း ၂၀၀၊ တာမွေမြို့နယ် မဂ္ဂင်လမ်း အမှတ်(၁၅)နေ ဖခင်ကြီးဦးဘွန်လျောင်း-မိခင်ကြီး ဒေါ်ရင်မွေး၊ အဒေါ် ဒေါ်သောင်းတင်တို့အား ရည်စူး၍ ကျန်ရစ်သူသားသမီးများနှင့် တူ၊ တူမများက စတုတ္ထထပ် သီလရက္ခိတ သိမ်တော်အတွက် မတည်လှူဒါန်းငွေကျပ် သိန်း ၃၀၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးသန်းအောင်-ဒေါ်အေးချစ်ကျော်၊ သား-ဗိုလ်ကြီးလွှမ်းဝေအောင်၊ ဗိုလ်ထူးဝေအောင်၊ ကိုထက်ဝေအောင်မိသားစုတို့က စတုတ္ထထပ် အရံစေတီတော်တစ်ဆူနှင့် တံခွန်တိုင်တစ်လုံးအတွက် အလှူငွေကျပ် ၁၀ သိန်း၊ ပုသိမ်မြို့ မြဝတီရပ်ကွက် သင်္ဘောကျင်းတစ်ဖက်ကမ်းနေဖခင်ကြီး ဦးစံခင်-မိခင်ကြီးဒေါ်သန်းနွဲ့တို့အား ရည်စူး၍ ကျန်ရစ်သူ သားသမီးများက အရံစေတီတစ်ဆူအတွက် အလှူငွေကျပ် ငါးသိန်း၊ စမ်းချောင်း မြို့နယ် မြေနီကုန်း(တောင်)နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ဦးတင်ထွန်း-ဒေါက်တာ ဒေါ်ကျော့ခင်၊ သမီး ဆုသီရိဝေမိသားစုက တံခွန်တိုင်တစ်လုံးအတွက် အလှူငွေကျပ်ငါးသိန်း၊ ဦးဝင်းဆန်း(ပြည်အကျဉ်းဦးစီးတာဝန်ခံအရာရှိ)-ဒေါ်သိင်္ဂီချစ်ကျော်မိသားစုက ဘုရားမုခ်ဦးတစ်ခုအတွက် ငွေကျပ်တစ်သိန်းတို့ကို သာသနာပြု ဆရာတော်ထံ လှူဒါန်းခဲ့ကြသည်။ **(က-ပ)**



## သထုံ၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

သထုံ ဇွန် ၁၆

သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ သထုံမြို့နယ်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ရရှိလာစေရန် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို မေ ၂၈ရက်က သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားပြသခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အတွင်းရေးမှူး ဦးညီညီခိုင်က အမှာစကားပြောကြားပြီး သင်ခန်းစာများကို ဆက်လက်ပို့ချရာ ခရိုင်ဦးစီးအရာရှိ ဦးစိုးညွန့်က ပြန်ကြားရေးဝန်ကြီးဌာနအကြောင်းနှင့် စာကြည့်တိုက်မှူးများ၏ အရေးပါသောအခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ၊ မြို့နယ်ဦးစီးမှူးဦးခင်ညွန့်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအကြောင်း၊ ရုပ်/သံကျွမ်းကျင်(၃) ဦးသက်ဝင်းက စာအုပ်စာစောင်များနှင့် စာအုပ်ငှားရမ်းမှု မှတ်ပုံတင်ခြင်းနှင့် စာရင်းရေးသွင်းခြင်းများကို သင်ကြားပို့ချကြသည်။ **(ခရိုင် ပြန်/ဆက်)**



# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အိန္ဒိယတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် Eastern Command (Kolkata)မှ General Officer Commanding-in-Chief, Lieutenant General, K.S Jamwal AVSM. VSM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော် ကာကွယ်ရေးဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

## လက်ခံတွေ့ဆုံ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် Eastern Command (Kolkata)မှ General Officer Commanding-in-Chief, Lieutenant General, K.S Jamwal AVSM. VSM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Col. Manoj Mukund Naravane လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရေများကျဆင်း ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၀

**မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းအချို့တွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၊ မင်းပြားမြို့နယ်၊ စစ်တွေမြို့နယ်၊ အမ်းမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် ဂွမြို့နယ်တို့တွင် ရပ်ကွက်အချို့၌ ရေများဝင်ရောက်ခဲ့သော်လည်း ဇူလိုင် ၈ ရက်တွင် ရေများပြန်လည်ကျဆင်းပြီး ပုံမှန်အနေအထားသို့ ရောက်ရှိကြောင်း သိရသည်။**

ပြင်ဆင်ဆောင်ရွက်

**ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်အတွင်း ရေကြီးမှုကြောင့် မော်တော်ယာဉ်များ အန္တရာယ်မရှိစေရေးအတွက် လမ်းသတိပေးအမှတ်အသားများပြုလုပ်ပေးထားသဖြင့် ယာဉ်များသွားလာလျက်ရှိပြီး တာဝန်ရှိသူများက ချွတ်ယွင်းပျက်စီးမှုများအား အမြန်ပြင်ဆင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

**တနင်္သာရီတိုင်း ထားဝယ်မြို့နယ်၊ ရေဖြူမြို့နယ်နှင့် သရက်ချောင်းမြို့နယ်အတွင်း ရေကြီးမှုကြောင့် ချွတ်ယွင်းပျက်စီးသွားခဲ့သော ကားလမ်း၊ ရထားလမ်းပိုင်းနေရာအချို့အား ပြင်ဆင်လျက်ရှိကြောင်း၊ ရေး-ထားဝယ်အစုန် အဆန်ရထားများ ယခုတစ်ရက်၊ နှစ်ရက်အတွင်း ပြန်လည်ပြေးဆွဲနိုင်ရေး တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေပြည်သာမြို့နယ် သာခုကန်စက်မှုဇုန်ရှိ Sang Da Motorcar Manufacturing Co., Ltd.၏ မော်တော်ကားထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး စက်မှုလက်မှုကဏ္ဍနှင့် စက်မှုဇုန်များ များစွာအရေးပါ စက်မှုဇုန်များ ဖော်ဆောင်နိုင်ရေး ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၀**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ သာခုကန်စက်မှုဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်မှုဇုန်များအတွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**မိုးရွာသွန်းလေသမျှ (၁၀-၇-၂၀၀၇)**

| | | | | |
|---|---|---|---|---|
| သထုံ | ၄ | ဒသမ | ၂၁ | လက်မ |
| ခန္တီး | ၂ | ဒသမ | ၇၆ | လက်မ |
| မော်လမြိုင် | ၁ | ဒသမ | ၉၇ | လက်မ |
| မောင်တော | ၁ | ဒသမ | ၅၃ | လက်မ |
| ထားဝယ် | ၁ | ဒသမ | ၄၂ | လက်မ |

11-7 (20) 1 7/10/07, 2:01 PM